# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြ၊**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ်(၃၅၈)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM) ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev နှင့် တွေ့ဆုံဆွေးနွေး


## မြန်မာနိုင်ငံတွင် နျူကလီးယားနည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၆**

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၌ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM) ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev နှင့် Radission Collection ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများ

*စာမျက်နှာ ၃ ကော်လံ ၁* ❂



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း(ROSATOM) ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev နှင့် တွေ့ဆုံဆွေးနွေးစဉ်။


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇

အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀

အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀



# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်



ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။


(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

❂ ရှေ့ဖုံးမှ

ဖြစ်ကြသည့် ဦးညာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး (ROSATOM) ညွှန်ကြားရေးမှူးချုပ်နှင့် အတူ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Nikolay SPASSKIY နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံ ဆွေးနွေးရာတွင် “ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် (World Atomic week forum)” ကျင်းပပြုလုပ်မှုအပေါ်သုံးသပ်မှု အမြင်များ၊ မြန်မာနိုင်ငံနှင့် ROSATOM တို့အကြား နျူကလီးယားစွမ်းအင်အား ငြိမ်းချမ်းစွာအသုံးပြုမှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ အမျိုးသားအဆင့် နျူကလီးယားအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် နျူကလီးယားနည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးဆိုင်ရာ လေ့ကျင့်ရေးနှင့် ကျွမ်းကျင်မှုအရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ နျူကလီးယား စွမ်းအင်အား ငြိမ်းချမ်းစွာအသုံးပြုမှု ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း (ROSATOM) တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း (ROSATOM) ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းတို့က နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြသည်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ရှေ့မှောက်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM) တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM) ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းတို့ လက်မှတ်ရေးထိုးကြစဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း(ROSATOM)၏ ညွှန်ကြားရေးမှူးချုပ်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း(ROSATOM)၏ ညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏အကြံပေးပုဂ္ဂိုလ် Mr. Anton Kobyakov နှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၂၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ အကြံပေးပုဂ္ဂိုလ် Mr. Anton Kobyakov အား Radission Collection ဟိုတယ်၌ လက်ခံတွေ့ဆုံသည်။(ဓါတ်ပုံ)

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ အကြံပေးပုဂ္ဂိုလ် Mr. Anton Kobyakov နှင့်အတူ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်နှင့် RC Investment Fund ညွှန်ကြားရေးမှူးချုပ် Mr.Sergey Shatirov နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၄ သို့*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation “Roscosmos” ညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov နှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အာကာသနည်းပညာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation “Roscosmos” ညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၆** ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation “Roscosmos” ညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov နှင့် Roscosmos ရုံးချုပ်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် Roscosmos ရုံးချုပ်အဆောက်အအုံသစ်သို့ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation “Roscosmos” ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် Roscosmos ရုံးချုပ် အဆောက်အအုံအတွင်း၌ Roscosmos မှ အာကာသအတွင်းသို့ လွှတ်တင်ထားသည့် ဂြိုဟ်တုပုံစံတူ ပြုလုပ်ပြသထားရှိမှုနှင့် ဂြိုဟ်တုပတ်လမ်းအတွင်း လွှတ်တင်ထားသည့် ဂြိုဟ်တုများနှင့် တိုက်ရိုက်ချိတ်ဆက်ထားရှိမှု ထိန်းချုပ်ခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး “Roscosmos” ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation “Roscosmos” ညွှန်ကြားရေးမှူးချုပ်တို့သည် အစည်းအဝေးခန်းမအတွင်း၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး “Roscosmos” ညွှန်ကြားရေးမှူးချုပ်နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အာကာသနည်းပညာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ အာကာသနည်းပညာဆိုင်ရာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် ပြင်ပအာကာသစူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့် ဂြိုဟ်တု လွှတ်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အာကာသနည်းပညာနှင့် သက်ဆိုင်သည့် ပညာတော်သင်သင်တန်းသားများ စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှု အပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရတို့အကြား ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် ပြင်ပအာကာသ စူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာသဘောတူညီချက်များကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation “Roscosmos” ညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov နှင့် မြန်မာအာကာသအေဂျင်စီ အမှုဆောင်ချုပ် ဒေါက်တာစိုးမြင့်မောင်တို့က နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation “Roscosmos” ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာအာကာသအေဂျင်စီ အမှုဆောင်ချုပ်တို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation “Roscosmos” ညွှန်ကြားရေးမှူးချုပ် တို့သည် အမှတ်တရလက်ဆောင် ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Roscosmos ရုံးချုပ်အဆောက်အအုံအတွင်း၌ Roscosmos မှ အာကာသအတွင်းသို့ လွှတ်တင်ထားသည့် ဂြိုဟ်တုပုံစံတူ ပြုလုပ်ပြသထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။

*စာမျက်နှာ ၃ မှ*

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံ ဆွေးနွေးရာတွင် မကြာမီကာလအတွင်း မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ကျင်းပနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုနှင့် ရွေးကောက်ပွဲ ကျင်းပပြီးစီးပါက ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်ကို လွှဲအပ်သွားမည်ဖြစ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအပေါ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အပါအဝင် နိုင်ငံတကာမှလည်း အသိအမှတ်ပြု အားပေးထောက်ခံလျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံနှင့် ပြည်သူများ၏ ဘုံအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို လမ်းပြမြေပုံများရေးဆွဲ၍ စဉ်ဆက်မပြတ် အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးပုဂ္ဂိုလ်၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်နှင့် RC Invest–ment Fund ညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၆

**ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။**

တွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်စိုးဦးနှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးမိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးမိသားစုများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် “ကမ္ဘာ့အဏုမြူ သီတင်းပတ်ဖိုရမ် (World Atomic week forum 2025)” သို့ တက်ရောက်ဆွေးနွေးရန်ဖိတ်ကြားချက်အရ လာရောက်ခဲ့ခြင်းဖြစ်ပြီး ယမန်နေ့က တက်ရောက်ခဲ့ကြောင်း၊ မကြာသေးမီကလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာတွင်ကျင်းပသည့် အခြားသော ထိပ်သီးအစည်းအဝေးများသို့လည်း တက်ရောက်ဆွေးနွေးလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ နိုင်ငံတကာ အခမ်းအနားများသို့ တက်ရောက်ခွင့်ရခြင်းသည် မိမိတို့နိုင်ငံအတွက် ကောင်းမွန်သည့် အကျိုးရလဒ်များကို ရရှိစေကြောင်း၊ သံရုံး၊ စစ်သံရုံး မိသားစုများအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် ပကတိအခြေအနေမှန်များကို သိရှိနားလည်ရမည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်မနေ ကျင်းပပေးသွားရမည်ဖြစ်ပြီး မကြာမီကာလအတွင်း ရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ကြုံတွေ့ခဲ့ရသည့် ရွေးကောက်ပွဲများတွင် မဲမသမာမှု ဖြစ်စဉ်ဖြစ်ရပ်များကို သင်ခန်းစာယူရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လာမည့်ရွေးကောက်ပွဲတွင် မဲမသမာမှုများမဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲစာရင်း မှားယွင်းမှုမရှိစေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များသည် ယုံကြည်စိတ်ချရပြီး မဲမသမာမှုပြုလုပ်၍ မရကြောင်း၊ ယခုကျင်းပမည့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်ဖြစ်စေရေးဆောင်ရွက်သွားရန်မှာ မိမိတို့၏ ရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးရာတွင်လည်း မိမိတို့ ရွေးချယ်မည့် ရွေးကောက်ခံကိုယ်စားလှယ်များသည် နိုင်ငံ၏ အကျိုးကို အမှန်တကယ် ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်သူ ဖြစ်ရန်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်နိုင်မည့်သူများ ဖြစ်ရန်လိုကြောင်း၊ သံရုံး၊ စစ်သံရုံး မိသားစုများ၊ သင်တန်းသားများ အနေဖြင့်လည်း မိမိတို့ရွေးချယ်မည့် ကိုယ်စားလှယ်များကို မှန်မှန်ကန်ကန် ရွေးချယ်သွားရန်လိုကြောင်း။

သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအနေဖြင့် အလှမ်းကွာဝေးပြီး မိမိတို့နှင့် အခြေခံမတူသည့် ရေခြား၊ မြေခြားအရပ်ဒေသများတွင် နိုင်ငံတော်၏တာဝန်များကို အခက်အခဲများကြားမှ လာရောက်ထမ်းဆောင်ကြခြင်း၊ ပညာသင်ယူခြင်းများကို ဆောင်ရွက်နေကြရခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့်လည်း သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများ၏အခက်အခဲများကို နားလည်သဘောပေါက်ပြီး လိုအပ်သည်များကို အခါအခွင့်ကြုံသည့်အခါတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ကျရာတာဝန်များကို ထမ်းဆောင်နေကြရာ၌ မိမိကိုယ်ကို သစ္စာရှိရန်၊ မိမိအလုပ်အပေါ် သစ္စာရှိရန်၊ နိုင်ငံတော်အပေါ် သစ္စာရှိရန်လိုကြောင်း။

မိမိတို့အစိုးရအနေဖြင့် စတင်တာဝန်ယူစဉ်မှစ၍ ယခုအချိန်အထိ ကပ်ရောဂါ ကြုံတွေ့ရမှုများ၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုများ၊ နိုင်ငံရေးအရဖြစ်ပေါ်လာသည့် အခက်အခဲအကျပ်အတည်းနှင့် ပိတ်ဆို့မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စစ်မှန်သည့် စေတနာနှင့် သစ္စာတရားကိုလက်ကိုင်ထား၍ ကြံ့ကြံ့ခံ ဖြတ်ကျော်ခဲ့ခြင်း ဖြစ်ကြောင်း၊ သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများ အနေဖြင့်လည်း မိမိကိုယ်ကိုနှင့် မိမိအလုပ်ကိုသစ္စာရှိရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိရန် မှာကြားလိုကြောင်း။

ငွေကုန်ကြေးကျခံ၍ အနာဂတ်နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များရရှိနိုင်ရန် ပညာတော်သင် စေလွှတ်ခဲ့ခြင်းဖြစ်သည့်အတွက် နိုင်ငံတော်၏ ကျေးဇူးကို မမေ့ရန်နှင့် နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးများကို ပြန်လည် ထမ်းဆောင်သွားကြရန်လိုကြောင်း၊ မိမိတို့ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်၍ အနာဂတ် နိုင်ငံတော်အကျိုးကို တတ်စွမ်းသည့်ဘက်မှ ဖော်ဆောင်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်ပနိုင်ငံများသို့ ပညာတော်သင် သင်တန်းသားများ စေလွှတ်ပေးလျက်ရှိပြီး အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် လူသားအရင်းအမြစ်ကောင်းများ ရရှိစေရေးအတွက် ရည်ရွယ် ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံတွင် ပညာတော်သင်များအဖြစ် စိစစ်ရွေးချယ် စေလွှတ်ခံကြရသူများ ဖြစ်သဖြင့် မိမိကိုယ်ကိုတန်ဖိုးထားကြရန်၊ မိမိကိုယ်တိုင်နှင့် နိုင်ငံတော်အတွက် ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ပြင် မိမိတို့မြန်မာနိုင်ငံသားများအချင်းချင်း စည်းလုံးညီညွတ်စွာနေထိုင်ကြရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်မျှတစွာ နေထိုင်ကြရန်၊ ဂရုစိုက်ကြရန် မှာကြားလိုကြောင်း၊ မိမိတို့တစ်ဦးချင်းစီအလိုက် အသိ၊ သတိဖြင့် ထိန်းထိန်းသိမ်းသိမ်း နေထိုင်သွားလာစားသောက်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို မှန်မှန်ကန်ကန် ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်သွားကြရန် လိုကြောင်းဖြင့်မှာကြားပြီး လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသား အရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ သံအမတ်ကြီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် ပညာတော်သင် သင်တန်းသားများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❑ *ကျောဖုံးမှ*

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော် နှစ်ရပ်အကြား ဆက်ဆံရေးများ ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်ယုံကြည်မှု၊ လေးစားမှု၊ ချစ်ကြည်ရင်းနှီးမှုဖြင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုနှင့် နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ကောင်းမွန်သည့် သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**လက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးအတွင်းဝန်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ အပြည်ပြည်ဆိုင်ရာ ဥပဒေဖိုရမ်သို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၂၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘက်မြို့၌ စက်တင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် “(၁၃)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ အပြည်ပြည်ဆိုင်ရာဥပဒေဖိုရမ်” သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ **(ယာပုံ)**

အဆိုပါဖိုရမ်သည် အာရှ-ပစိဖိတ် ဒေသတွင်းနိုင်ငံများ၏ တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ချက်ဖြင့် နှစ်နှစ်လျှင် တစ်ကြိမ်ကျင်းပသော ဖိုရမ်ဖြစ်ပြီး မြန်မာနိုင်ငံ၏ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် အာရှနှင့် ပစိဖိတ်ဒေသ နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများလည်း ပါဝင်လျက်ရှိရာ ၎င်းဖိုရမ်သို့ တက်ရောက်ခြင်းဖြင့် ဒေသတွင်းရှိ တရားသူကြီးချုပ်များ၊ တရားစီရင်ရေးအကြီးအကဲများနှင့် အမြင်ချင်းဖလှယ်ပြီး သက်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့သည်။

စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင်ပြည်ထောင်စုတရားသူကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယာယီတရား သူကြီးချုပ် H.E Mr. Yuri Ivanenko နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားလွှတ်တော်ချုပ်တို့အကြား တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များနှင့် နှစ်နိုင်ငံ တရားစီရင်ရေးနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘက်မြို့ရှိ အယူခံတရားရုံးအဆောက်အအုံ၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသ အပြည်ပြည်ဆိုင်ရာဥပဒေဖိုရမ်သို့တက်ရောက်လာသည့် နိုင်ငံအသီးသီးမှ ဧည့်သည်တော်များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယာယီတရားသူကြီးချုပ် H.E Mr. Yuri Ivanenko က တည်ခင်းသည့် ကြိုဆိုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာ ၂၂ ရက်တွင် ပြည်ထောင်စု တရားသူကြီးချုပ်သည် (၁၃)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသအပြည်ပြည်ဆိုင်ရာ ဥပဒေဖိုရမ်သို့ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ တရားစီရင်ရေးဆိုင်ရာ အကြီးအကဲများ၊ တရားသူကြီးများ၊ တရားစီရင်ရေး အရာရှိများနှင့်အတူ တက်ရောက်ခဲ့သည်။

အဆိုပါဖိုရမ်တွင် အခွန်ဥပဒေ၊ အကောက်ခွန်ဥပဒေ၊ ယှဉ်ပြိုင်မှုဥပဒေနှင့် မူပိုင်ခွင့်ဥပဒေဆိုင်ရာ တရားစီရင်ရေး နှင့်သက်ဆိုင်သည့် ဥပဒေပြဿနာရပ်များကို စာတမ်းဖတ်ကြားဆွေးနွေးကြပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇာလီစံက "Intellectual Property Rights Protection in Myanmar: Judicial Perspective and Experience" ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၉ ခု ခွင့်ပြု



**နေပြည်တော် စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။**(ယာပုံ)**

အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတို့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်လေးခုနှင့် စက်မှု၊ ဝန်ဆောင်မှု၊ လျှပ်စစ်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၅ ခုတို့ကို ခွင့်ပြုပေးခဲ့သည်။

အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၀၉ ဒသမ ၆၂၆ သန်း၊ ငွေကျပ် ၄၁၇၅၄၂ ဒသမ ၁၂ သန်းဖြစ်ပြီး ၄၄၄၆ ဦးကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့ အစည်းအဝေးက ခွင့်ပြုပေးသည့်လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိကလိုအပ်လျက်ရှိသည့် လျှပ်စစ်မော်တော်ယာဉ် ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအပြင် စားသောက်ကုန်ထုတ်လုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းတို့လည်း ပါဝင်သည်။

၂၀၂၅ ခုနှစ် ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၃၂ ရာခိုင်နှုန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၅၈ ရာခိုင်နှုန်းဖြင့် အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းနှင့် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းသက်သာအရောင်းဆိုင်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ ပူးပေါင်းဆောင်ရွက်သည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းသက်သာအရောင်းဆိုင်ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါအရောင်းဆိုင်၌ ကျင်းပသည်။

ဦးစွာ ဝန်ထမ်းသက်သာအရောင်းဆိုင်ကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဝန်ထမ်းသက်သာအရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဖွင့်ပွဲကို အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ ခတ္တာခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်ထောင်စုဝန်ကြီးထံ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများ၏ သားသမီးများအား ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ပေးအပ်ခြင်းနှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ပေးအပ်ခြင်းအခမ်းအနား တက်ရောက်

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများ၏ သားသမီးများအား ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ပေးအပ်ခြင်းနှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ခန်းမ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့အနေဖြင့် တစ်မျိုးသားလုံး အကျုံးဝင်သည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန်ဟူသော ရည်မှန်းချက်နှင့်အညီ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အာမခံစနစ် ခြောက်မျိုးအနက် နိုင်ငံ၏အခြေအနေနှင့်ကိုက်ညီသော ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်၊ အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်နှင့် မိသားစုထောက်ပံ့မှု အာမခံစနစ်တို့အတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့်နှင့် ပညာသင်စရိတ်ခံစားခွင့်များကို ရရှိမည်ဖြစ်ကြောင်း။

မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ပညာသင်စရိတ် လျှောက်ထားလာသည့် အာမခံအလုပ်သမား ၈၆၁၁ ဦး၏ သားသမီး ၁၁၄၈၉ ဦးတို့အတွက် ပညာသင်စရိတ် စုစုပေါင်း ကျပ်သန်း ၄၅၉ ဒသမ ၁၆၂ ကို Online Payment စနစ်ဖြင့် ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်များအတွက်လည်း ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ပညာသင်စရိတ် လျှောက်ထားလာသည့် အလုပ်သမား ၂၆၆၇၀ တို့၏ သားသမီး ၃၃၉၀၂ ဦးအား ပညာသင်စရိတ်နှင့် အလုပ်တွင် ထိခိုက်သေဆုံးခဲ့သည့် အာမခံအလုပ်သမား ငါးဦးတို့အတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေများကို ၎င်းတို့၏ မိသားစုဝင်များထံ ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့အချိန်အထိ ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့ငွေကျပ်သန်း ၁၉၁၄ ဒသမ ၄၇၇ ကို ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း။

လူမှုဖူလုံရေးအကျုံးဝင်မြို့နယ် ၁၂၈ မှ အလုပ်ဌာန ၃၅၀၀၀ ကျော်ရှိ အာမခံအလုပ်သမား ၁ ဒသမ ၃၆ သန်းကျော်အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များကို ခွင့်ပြုထုတ်ပေးဆောင်ရွက်လျက်ရှိပြီး အလုပ်ရှင်၊ အလုပ်သမားများ ယုံကြည်အားထားရသည့် အဖွဲ့အစည်းတစ်ခုအဖြစ် အခိုင်အမာရပ်တည်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့ငွေ ကျပ်သန်း ၁၃၂၅ ဒသမ ၅၅၀ ကို လွှဲပြောင်းပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အလုပ်တွင် ထိခိုက်ဒဏ်ရာရရှိသေဆုံးခဲ့သော အာမခံလုပ်သား ငါးဦးအတွက် အကျိုးခံစားခွင့်ငွေကျပ်သန်း ၆၀ ဒသမ ၄၈၀ ကို ပေးအပ်ကာ ရွှေ့လျားဆေးကုသယာဉ်(MMU)ဖြင့် အာမခံလုပ်သားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှု၍ အားပေးစကား ပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ထန်းတပင်မြို့နယ်ရှိ အလုပ်သမားဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက် ဆေးကုသမှုခံယူသူများအား တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်အတွင်းရှိ သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအတွက် ထောက်ပံ့ကြေးပေးအပ်

**တောင်ကြီး စက်တင်ဘာ၂၆**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ရှမ်းပြည်နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား လူမှုရေးပင်စင်၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားသော ကလေးသူငယ်များနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအတွက် ထောက်ပံ့ကြေးပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။



ထောက်ပံ့ငွေ ပေးအပ်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဧည့်သည်တော်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့် အထက် သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင် ထောက်ပံ့ငွေ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးများ ထောက်ပံ့ငွေများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအတွက် ထောက်ပံ့ငွေကျပ် ၃၄၉၃ ဒသမ ၅၄၂ သန်းကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။

ယင်းနောက် ရှမ်းပြည်နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့် အထက် လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသူ သက်ကြီးပုဂ္ဂိုလ် ၅၀၂၇ ဦး အတွက် လူမှုရေးပင်စင် ထောက်ပံ့ကြေး ငွေကျပ် ၂၉၃ ဒသမ ၁၃၀ သန်းကို ပြည်ထောင်စုဝန်ကြီးကလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင် ၁၀၆၄၂ ဦးနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေး ၁၈၄၈၄ ဦး စုစုပေါင်း ၂၉၁၂၆ ဦးအတွက် ငွေကျပ် ၂၇၁၅ ဒသမ ၇၀၅ သန်းနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းတို့အတွက် ထောက်ပံ့ကြေး ငွေကျပ် ၄၈၄ ဒသမ ၇၀၇ သန်းကို ပြည်နယ်ဝန်ကြီးချုပ်က လည်းကောင်း ပေးအပ်ခဲ့ကြပြီး စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ရှမ်းပြည်နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်အကျိုးခံစားခွင့်ရှိသူ ၅၀၂၇ ဦး၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် နှစ်နှစ်အောက်ကလေး ၂၉၁၂၆ ဦးနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက စောင့်ရှောက်ထားသူ ၃၃၂၄ ဦး စုစုပေါင်း ၃၇၄၇၇ ဦးအတွက် ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၃၄၉၃ ဒသမ ၅၄၂ သန်းထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ ညောင်ဖြူစခန်း ရပ်ကွက် နယ်မြေ(၆) ဒေါနလမ်းရှိ ရှမ်းရိုးမ ဘိုးဘွားရိပ်သာသို့ သွားရောက်ခဲ့ပြီး ဘိုးဘွားများအား ပြုစုစောင့်ရှောက်သူများအနေဖြင့်လည်း သက်ကြီးများ၏ သဘောသဘာဝကို သိရှိနားလည်ပြီးပြုစုစောင့်ရှောက်ပေးရန် လိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနက ဖွင့်လှစ်လျက်ရှိသည့် care giver သင်တန်းကိုလည်း အဆင်ပြေသည့်အချိန်တွင် တက်ရောက်ပေးစေလိုပါကြောင်း၊ ဘိုးဘွားများအား သက်ရှည်ကျန်းမာသည့်ဘဝ ရရှိနိုင်စေရန်နှင့် သက်ကြီးများနှင့် သင့်လျော်သည့် ပတ်ဝန်းကျင်ကိုလည်း ဖန်တီးပေးရန် လိုအပ်ပါကြောင်း ရိပ်သာရှိတာဝန်ရှိသူများအား ပြောကြားသည်။

ထို့နောက် ဘိုးဘွားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားခဲ့ပြီး ဘိုးဘွားများအတွက် Ageing Dignity Kits များနှင့် စားစရိတ်တို့ကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။ ရှမ်းရိုးမ ဘိုးဘွားရိပ်သာတွင် အဘိုး ငါးဦး၊ အဘွား ၁၇ ဦး စုစုပေါင်း ၂၂ဦး စောင့်ရှောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# လားရှိုးမြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ပေးဝေ

**လားရှိုး စက်တင်ဘာ ၂၆**

လားရှိုးမြို့တွင် အမှတ် (၂၀) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူးရုံး (ရှမ်းမြောက်) နှင့် အမှတ်(၁၂၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(လားရှိုး)တို့မှ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ပေးဝေခြင်းကို ယမန်နေ့က အမှတ်(၂၀) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူးရုံးရှေ့ရှိ ပြည်ထောင်စုလမ်းမကြီးပေါ်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သန့်ဇင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် မော်တော်ဆိုင်ကယ်စီးနင်းသွားလာလျက်ရှိသည့် ဒေသခံပြည်သူများအား ဆိုင်ကယ်တစ်စီးလျှင် ဆိုင်ကယ်စီးဦးထုပ် တစ်လုံးနှုန်းဖြင့် စုစုပေါင်းဆိုင်ကယ်စီးဦးထုပ် အလုံး ၅၀၀ အား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာ့အထည်ချုပ်လုပ်ငန်းအား အားပေးကူညီလျက်ရှိသည့် ဥရောပသမဂ္ဂ

မမိုးပြာ

မြန်မာနိုင်ငံသည် ၁၉၉၄ ခုနှစ်တွင် အဝတ်အထည်များ စတင်တင်ပို့ခဲ့သော်လည်း ၂၀၁၀ ပြည့်နှစ်များတွင် နိုင်ငံတကာ၏ ပိတ်ဆို့အရေးယူမှုများ ရုပ်သိမ်းပြီးနောက်မှသာ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့သည်။ ယင်းက ၂၀၁၂ ခုနှစ်တွင် ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ကန့်သတ်မှုများကို ရုပ်ဆိုင်းခဲ့ပြီး မြန်မာနိုင်ငံတွင် ရုံးခန်းဖွင့်လှစ်ခဲ့ကာ ၂၀၁၃ ခုနှစ်တွင် အထွေထွေဦးစားပေးစနစ် (GSP) နှင့် လက်နက်မှအပ ကျန်ကုန်စည်အားလုံး (Everything But Arms – EBA) အစီအစဉ်အောက်တွင် ဥရောပသမဂ္ဂ (EU) ဈေးကွက်သို့ အကောက်ခွန်လွတ် ဝင်ရောက်ခွင့်ကို လမ်းဖွင့်ပေးခဲ့သည်။[၁] ဥရောပသမဂ္ဂသို့ မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များမှာ အထည်အလိပ်၊ ဖိနပ်၊ ဆန်နှင့် ကျောက်မျက်ရတနာများဖြစ်သည်။[၂]

အဝတ်အထည်တင်ပို့မှု၏တန်ဖိုးသည် ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၉ ဘီလီယံမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံအထိ တိုးတက်လာခဲ့သည်။ မြန်မာ့အထည်ချုပ်ကဏ္ဍမှ အဝတ်အထည်တင်ပို့မှုသည် ၂၀၁၀ ပြည့်နှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၂၂ ခုနှစ်တွင် ခြောက်ဆခန့် ပိုမိုကြီးမားလာပြီး အထူးသဖြင့် ဥရောပသမဂ္ဂ၏ ကုန်သွယ်မှုဆိုင်ရာ ဦးစားပေးအခွင့်အရေးများအရ မြန်မာ့အထည်ချုပ်ကဏ္ဍ စုစုပေါင်းတင်ပို့မှု၏ ထက်ဝက်ကျော်ကိုရရှိခဲ့သောကြောင့် တင်ပို့မှုသည် ပိုမိုအကျိုးဖြစ်ထွန်းခဲ့ပါသည်။ ၂၀၂၂ ခုနှစ်တွင် အဝတ်အထည်တင်ပို့မှုသည် မြန်မာနိုင်ငံ၏ စုစုပေါင်းတင်ပို့မှု၏ သုံးပုံတစ်ပုံရှိပြီး အဓိကအားဖြင့် CMP ဝန်ဆောင်မှု အခကြေးငွေရရှိမှုသည် အဝတ်အထည်တင်ပို့မှုတန်ဖိုး၏ သုံးပုံတစ်ပုံခန့် သို့မဟုတ် ဂျီဒီပီ၏ သုံးရာခိုင်နှုန်းခန့် ရှိခဲ့ပါသည်။[၃]

ဥရောပသမဂ္ဂသည် ၂၀၁၀ ပြည့်နှစ်လယ်ပိုင်းမှစ၍ မြန်မာ့အထည်ချုပ်တင်ပို့မှုအတွက် အဓိကဈေးကွက်နေရာကို ရယူထားပြီး လက်ရှိတွင်လည်း မြန်မာ့အထည်ချုပ်လုပ်ငန်းများ၏ ၃၈ ရာခိုင်နှုန်းသည် ဥရောပသမဂ္ဂကို ၎င်းတို့၏ အဓိကဈေးကွက်အဖြစ် အားထားခဲ့ရပါသည်။ ၂၀၂၂ ခုနှစ်တွင် မြန်မာ့အထည်ချုပ်တင်ပို့မှု၏ ၅၂ ရာခိုင်နှုန်းကို ဥရောပသမဂ္ဂက ရယူထားပြီး ဂျပန်နိုင်ငံက ၁၈ ရာခိုင်နှုန်း၊ ဗြိတိန်နိုင်ငံက ၁၀ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံက ခြောက်ရာခိုင်နှုန်းနှင့် ကိုရီးယားနိုင်ငံက လေးရာခိုင်နှုန်းတို့ဖြင့် အသီးသီး တင်ပို့နိုင်ခဲ့ပါသည်။

### နိုင်ငံတော်၏ ပင်မမူဝါဒအရ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနှင့် ဝင်ငွေတိုးတက်ရရှိမှုအခြေအနေ[၄]

ခေတ်အဆက်ဆက် နိုင်ငံတော်၏ ပင်မမူဝါဒတစ်ရပ်မှာ "ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး"ပင် ဖြစ်ရာ မြန်မာ့အထည်ချုပ်ကဏ္ဍသည် မြန်မာနိုင်ငံအတွက် အလုပ်အကိုင် အခွင့်အလမ်း အများဆုံးဖန်တီးပေးနိုင်သည့် အရင်းအမြစ်ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာ့အထည်ချုပ်ကဏ္ဍသည် ကျေးလက်ဒေသများမှ ငယ်ရွယ်သော ရွှေ့ပြောင်းအမျိုးသမီးများအတွက်လည်း အဓိကကျသည့် အရင်းအမြစ်ပင်ဖြစ်ပါသည်။ နိုင်ငံရေးစနစ် တိုးတက်ပြောင်းလဲမှုနှင့် ကိုဗစ် – ၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် မြန်မာ့အထည်ချုပ်ကဏ္ဍမှ ပို့ကုန်တင်ပို့မှုသည် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကျဆင်းခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင် ပို့ကုန်တင်ပို့နိုင်မှုသည် ၂၀၁၉ ခုနှစ် တင်ပို့မှု၏အထက်သို့ ကျော်လွန်ရောက်ရှိခဲ့ပါသည်။ ပျမ်းမျှအားဖြင့် ၂၀၂၂ ခုနှစ်တွင် မြန်မာ့အထည်ချုပ်ကဏ္ဍရှိ ၉၅ ရာခိုင်နှုန်းသော လုပ်ငန်းများက ယခင်စွမ်းဆောင်ရည်နှုန်းအတိုင်း လုပ်ငန်းဆောင်ရွက်မှုများ ပြန်လည်လည်ပတ်ကာ ပို့ကုန်များ ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

> **" ကမ္ဘာ့ဘဏ်၏ အချက်အလက်များအရ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ မြန်မာ့အထည်ချုပ်ကဏ္ဍတွင် အလုပ်သမားပေါင်း ငါးသိန်းခန့်ရှိပြီး စုစုပေါင်း အလုပ်အကိုင်ရရှိမှု၏ ၂ ဒသမ ၃ ရာခိုင်နှုန်း၊ ထုတ်လုပ်မှုကဏ္ဍကြီးရှိ အလုပ်အကိုင်ရရှိမှု၏ ၂၃ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် အလုပ်သမားပေါင်း ခုနစ်သိန်းခန့်၊ လက်ရှိတွင် အလုပ်သမားပေါင်း ရှစ်သိန်းခန့်ရှိမည်ဟု ခန့်မှန်းထားပါသည်။ မြန်မာ့အထည်ချုပ်ကဏ္ဍရှိ ၈၅ ရာခိုင်နှုန်းသော အလုပ်သမားများသည် အမျိုးသမီးများဖြစ် "**

ကမ္ဘာ့ဘဏ်၏ အချက်အလက်များအရ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ မြန်မာ့အထည်ချုပ်ကဏ္ဍတွင် အလုပ်သမားပေါင်း ငါးသိန်းခန့်ရှိပြီး စုစုပေါင်းအလုပ်အကိုင်ရရှိမှု၏ ၂ ဒသမ ၃ ရာခိုင်နှုန်း၊ ထုတ်လုပ်မှုကဏ္ဍကြီးရှိ အလုပ်အကိုင်ရရှိမှု၏ ၂၃ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် အလုပ်သမားပေါင်း ခုနစ်သိန်းခန့်၊ လက်ရှိတွင် အလုပ်သမားပေါင်း ရှစ်သိန်းခန့်ရှိမည်ဟု ခန့်မှန်းထားပါသည်။ မြန်မာ့အထည်ချုပ်ကဏ္ဍရှိ ၈၅ ရာခိုင်နှုန်းသော အလုပ်သမားများသည် အမျိုးသမီးများဖြစ်ကြပါသည်။

၂၀၂၂ ခုနှစ်တွင် မြန်မာ့အထည်ချုပ်ကဏ္ဍရှိ လုပ်ငန်းပေါင်း ၃၄ ရာခိုင်နှုန်းသည် လုပ်ခလစာများ တိုးမြှင့်ပေးခဲ့ရာ ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက လုပ်ငန်းနယ်ပယ်တစ်ခုလုံးတွင် ပျမ်းမျှ ငါးရာခိုင်နှုန်း တိုးလာခဲ့ခြင်းဖြစ်ပါသည်။ တစ်ဖက်တွင်လည်း နိုင်ငံတော်အနေဖြင့် ၂၀၂၃ ခုနှစ်တွင် အနည်းဆုံးလုပ်ခလစာကို ငွေကျပ် ၄၈၀၀ မှ ငွေကျပ် ၅၈၀၀ အထိ တိုးမြှင့်ပေးနိုင်ခဲ့ခြင်းကြောင့် အချို့သောလုပ်ငန်းများ၊ အထူးသဖြင့် ဥရောပသမဂ္ဂဈေးကွက်များသို့ တင်ပို့သည့် လုပ်ငန်းများသည် ၂၀၂၃ ခုနှစ်တွင် လုပ်သားများ၏ လုပ်ခလစာကို ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ထပ်မံတိုးမြှင့်ပေးနိုင်ခဲ့ကြောင်း ကမ္ဘာ့ဘဏ်က ဖော်ပြထားပါသည်။

ထို့ပြင် ကမ္ဘာ့အထည်ချုပ်ကဏ္ဍ ကုန်သွယ်မှုတွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် အနည်းငယ်သာရှိသော်လည်း မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသည်ဟု ယုံကြည်ထားကြပြီး လုပ်သားပေါများခြင်းနှင့် လုပ်ခလစာသက်သာခြင်းသည် အဓိကအကြောင်းရင်းဖြစ်သည်ဟု ဆိုကြပါသည်။

### မြန်မာနိုင်ငံမှ နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းလုပ်ကိုင်သည့် အလုပ်သမားများနှင့် ချိတ်ဆက်ဆက်သွယ်နိုင်မှုမူဝါဒ

ပြည်ပနိုင်ငံများသို့ အလုပ်သမားများ သွားရောက်အလုပ်လုပ်ကိုင်ရာတွင် စနစ်တကျရှိစေရေး၊ ဥပဒေနှင့်အညီ ဖြစ်စေရေးတို့အတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ခေတ်စနစ်နှင့်အညီ ပြင်ဆင်သည့်ဥပဒေ အတည်ပြုပြဋ္ဌာန်းရေး ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာလုပ်သားများ ရွှေ့ပြောင်းခြင်းစီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားအဆင့် ငါးနှစ်တာ လုပ်ငန်းစီမံချက်ကို ပထမအကြိမ်နှင့် ဒုတိယအကြိမ် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ပြည်ပရှိ မြန်မာအလုပ်သမားများအား ကူညီဆောင်ရွက်ပေးရန် အလုပ်သမား သံအရာရှိများကို ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင် ခန့်အပ်တာဝန်ပေးထားပြီး သံအရာရှိ မရှိသည့်နိုင်ငံများတွင် မြန်မာသံရုံးများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါသည်။[၅]

### ကုန်သွယ်မှုအခြေအနေ

ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ တရားဝင် EU Website တွင် ဖော်ပြထားချက်[၆] အရ ၂၀၂၃ ခုနှစ်တွင် လက်နက်မှအပ ကျန်ကုန်စည်အားလုံး EBA အစီအစဉ်အရ မြန်မာနိုင်ငံမှ ပို့ကုန်များ၏ ၉၀ ရာခိုင်နှုန်းကျော်သည် အကောက်ခွန်လျှော့ ဦးစားပေးနှုန်းထားဖြင့် ဥရောပသမဂ္ဂသို့ တင်ပို့နိုင်ခဲ့ပါသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံသည် ဥရောပသမဂ္ဂ၏ EBA အစီအစဉ်အောက်တွင် ဦးစားပေးအခွင့်အရေးရရှိခြင်းမှ သိသိသာသာ အကျိုးအမြတ်ရရှိနေခြင်းဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်တွင် EBA ဦးစားပေးစနစ်ဖြင့် ဥရောပသမဂ္ဂသို့ မြန်မာနိုင်ငံ၏ စုစုပေါင်းတင်ပို့မှုမှာ ယူရိုငွေ ၃ ဒသမ ၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံ) ခန့်ရှိပြီး တင်သွင်းမှုမှာ ယူရိုငွေ ၃ ဒသမ ဝ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံ) အထိရှိခဲ့ပါသည်။[၇၊၈]

၂၀၂၄ ခုနှစ်တွင် ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံ၏ စတုတ္ထအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်ခဲ့ပြီး မြန်မာနိုင်ငံ၏ စုစုပေါင်းကုန်စည်ကုန်သွယ်ရေး၏ ၁၀ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပါသည်။ မြန်မာနိုင်ငံသည် ဥရောပသမဂ္ဂ၏ (၇၅)ခုမြောက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ဥရောပသမဂ္ဂ၏ စုစုပေါင်းကုန်စည်ကုန်သွယ်ရေး၏ သုည ဒသမ ၁ ရာခိုင်နှုန်းကို ရယူထားပါသည်။ ၂၀၂၄ ခုနှစ်တွင် ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား စုစုပေါင်းကုန်သွယ်မှုသည် ယူရိုငွေ ၃ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံ) အထိရှိခဲ့ပါသည်။ ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံမှ အဓိကအားဖြင့် အထည်အလိပ်များဖြစ်သည့် ယူရို ၃ ဒသမ ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံ) တန်ဖိုးရှိ ကုန်စည်များကို တင်သွင်းခဲ့သည်။ ဥရောပသမဂ္ဂက မြန်မာနိုင်ငံသို့တင်ပို့သည့် ကုန်စည်များမှာ အဓိကအားဖြင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာပစ္စည်းများဖြစ်ပြီး ယူရိုငွေ ၄၅၈ သန်း (အမေရိကန်ဒေါ်လာ ၄၉၅ ဒသမ ၆၀ သန်း) တန်ဖိုးရှိကာ ၂၀၂၃ ခုနှစ်တွင် ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ဝန်ဆောင်မှုကုန်သွယ်ရေးသည် ယူရိုငွေ ၃၄၆ သန်း (အမေရိကန်ဒေါ်လာ ၃၇၄ ဒသမ ၄၁ သန်း)အထိ ရှိခဲ့ပါသည်။

### ရင်းနှီးမြှုပ်နှံမှုအခြေအနေ

ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ တရားဝင် EU Website တွင် ဖော်ပြထားချက်[၉] အရ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဥရောပသမဂ္ဂ၏ တိုက်ရိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) ပမာဏသည် ယူရိုငွေ ၂၅၁ သန်း (အမေရိကန်ဒေါ်လာ ၂၇၁ ဒသမ ၆၁ သန်း) အထိရှိခဲ့ပြီး ဥရောပသမဂ္ဂတွင် မြန်မာနိုင်ငံ၏ FDI ပမာဏသည် ယူရိုငွေ ခုနစ်သန်း (အမေရိကန်ဒေါ်လာ ၇ ဒသမ ၅၇ သန်း) ရှိခဲ့ပါသည်။

*စာမျက်နှာ ၉ သို့*

၁ Resilience Amid Constraints: Myanmar's Garment Industry in 2023. World Bank. 2023. https://documents1.worldbank.org/curated/en/099113023044018823/pdf/P50066309dcb060600981407177a6346276.pdf
၂ https://policy.trade.ec.europa.eu/eu-trade-relationships-country-and-region/countries-and-regions/myanmar_en
၃ Resilience Amid Constraints: Myanmar's Garment Industry in 2023. World Bank. 2023. https://documents1.worldbank.org/curated/en/099113023044018823/pdf/P50066309dcb060600981407177a6346276.pdf
၄ Resilience Amid Constraints: Myanmar's Garment Industry in 2023. World Bank. 2023. https://documents1.worldbank.org/curated/en/099113023044018823/pdf/P50066309dcb060600981407177a6346276.pdf
၅ https://www.moi.gov.mm/news/63151
၆ https://policy.trade.ec.europa.eu/eu-trade-relationships-country-and-region/countries-and-regions/myanmar_en
၇ https://gsphub.eu/country-info/Myanmar
၈ https://www.exchange-rates.org/exchange-rate-history/eur-usd-2023
၉ https://policy.trade.ec.europa.eu/eu-trade-relationships-country-and-region/countries-and-regions/myanmar_en

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၉၂ ရက် သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ❖ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ၁၆-၉-၂၀၂၅ ရက်နေ့မှစတင်ကာ ၅-၁၂-၂၀၂၅ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း၊
- ❖ လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅) ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅) ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ **Official Website** ဖြစ်သည့် **www.uec.gov.mm** တွင် ဝင်ရောက်ကြည့်ရှု၍ **Download** ရယူနိုင်ကြောင်း၊
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၈ မှ*

**နိုင်ငံရပ်ခြားတွင် တာဝန်ထမ်းဆောင်သည့် ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ ဝန်ထမ်းများ၏ လိုက်နာစောင့်ထိန်းရသည့် ကျင့်ဝတ်စည်းမျဉ်းများ**

ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ ဝန်ထမ်းများအနေဖြင့် နိုင်ငံရပ်ခြားတွင် တာဝန်ထမ်းဆောင်သည့်အခါ အောက်ပါတို့ကို အဓိကလိုက်နာစောင့်ထိန်းရခြင်းဖြစ်ပါသည်-

(က) **ဥရောပသမဂ္ဂဥပဒေများကို လိုက်နာခြင်း**[၁၀]။ ကိုယ်စားလှယ်အဖွဲ့၏ လုပ်ဆောင်မှုအားလုံးသည် ဥရောပသမဂ္ဂဆိုင်ရာစာချုပ် (Treaty on European Union –TEU)နှင့် ဥရောပသမဂ္ဂလုပ်ငန်းဆောင်တာဆိုင်ရာစာချုပ် (Treaty on the Functioning of the European Union – TFEU)တို့နှင့် ဆင့်ပွားဥပဒေများ၊ စည်းမျဉ်းများ၊ ညွှန်ကြားချက်များနှင့် ဆုံးဖြတ်ချက်များကို တင်းကျပ်စွာ လိုက်နာရခြင်းဖြစ်ပါသည်။ ထို့ပြင် ဥရောပသမဂ္ဂ၏ ပြင်ပလုပ်ငန်းဆောင်တာ မူဝါဒများဖြစ်သည့် ဘုံနိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒ (Common Foreign and Security Policy – CFSP)၊ ကုန်သွယ်ရေးမူဝါဒနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် အညီ လိုက်နာဆောင်ရွက်ရခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် ယင်းတို့အကူအညီ ပေးသည့်စီမံကိန်းများကို စီမံခန့်ခွဲရာတွင် ကိုယ်စားလှယ်အဖွဲ့သည် ဥရောပသမဂ္ဂ၏ ဝယ်ယူရေးစည်းမျဉ်းများနှင့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းများကို တင်းကျပ်စွာ လိုက်နာရခြင်းဖြစ်ပါသည်။

(ခ) **နိုင်ငံတကာဥပဒေ။** ကိုယ်စားလှယ်အဖွဲ့များသည် နိုင်ငံတကာသံတမန်ရေးရာဥပဒေ၊ အထူးသဖြင့် သံတမန်ရေးရာဆက်ဆံရေးဆိုင်ရာ Vienna Convention on Diplomatic Relations (၁၉၆၁)[၁၁] ပါအချက်များကို လေးစားလိုက်နာရခြင်းဖြစ်ပါသည်။ အထူးသဖြင့် အပိုဒ် ၄၁ အရ ကိုယ်စားလှယ်သည် ၎င်းတို့၏အခွင့်အရေးများနှင့် ခုခံကာကွယ်ခွင့်များရှိသော်လည်း ယင်းတို့ကိုလက်ခံသည့် အိမ်ရှင်နိုင်ငံ၏ဥပဒေများကို လေးစားလိုက်နာရန် တာဝန်ရှိပါသည်။ လေးစားလိုက်နာရန်ပျက်ကွက်ပါက ချိုးဖောက်သည့် သံတမန် (သို့မဟုတ်) ကိုယ်စားလှယ်ကို အိမ်ရှင်နိုင်ငံက Persona non grata (နှစ်လိုဖွယ်မကောင်းသောပုဂ္ဂိုလ်) အဖြစ် ကြေညာနိုင်ပြီး ၎င်းသည် သံတမန်ကိုယ်စားလှယ်တစ်ဦးအတွက် အပြင်းထန်ဆုံး အပြစ်ပေးမှုဖြစ်ပါသည်။ ထို့ပြင် စေလွှတ်သည့်နိုင်ငံက ပြန်လည်ခေါ်ယူခြင်း သို့မဟုတ် ၎င်း၏တာဝန်များကို ရုပ်စဲခြင်းတို့ကို ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ပြင် အပိုဒ် ၃၁ အရ ၎င်းတို့၏ တရားစီရင်ရေးဆိုင်ရာ ခုခံကာကွယ်ခွင့်သည် စေလွှတ်သည့်နိုင်ငံ၏ တရားစီရင်မှုမှ ကင်းလွတ်စေခြင်းမဟုတ်ပါ။ ပြစ်မှုကြီးများအတွက် အိမ်ရှင်နိုင်ငံ၏ တရားစီရင်ရေးသည် ၎င်းအား တရားစွဲဆိုနိုင်ရန်အတွက် ဥရောပသမဂ္ဂအနေဖြင့် ယင်း၏ သံတမန်ရေးရာခုခံကာကွယ်ခွင့်ကို စွန့်လွှတ်ပေးရန် တရားဝင်တောင်းဆိုပါက တရားမျှတမှုအပေါ်ထားရှိသော ဥရောပသမဂ္ဂ၏ ကတိကဝတ်နှင့် အိမ်ရှင်နိုင်ငံနှင့် ကောင်းမွန်သောဆက်ဆံရေးကို ပြသနိုင်ရန်အတွက် ခုခံကာကွယ်ခွင့်ကို စွန့်လွှတ်ရန် ရွေးချယ်နိုင်ပါသည်။

(ဂ) **ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ လိုက်နာရမှု**[၁၂]။ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့က အဓိကလိုက်နာရသည့် လုပ်ငန်းတာဝန်များအနက် အဓိကတာဝန်တစ်ရပ်မှာ ဥရောပသမဂ္ဂရန်ပုံငွေဖြင့် အကောင်အထည်ဖော်ရသော စီမံကိန်းများကို စီမံခန့်ခွဲခြင်းဖြစ်သည်။ ၎င်းတွင် စာချုပ်များကို တရားမျှတပြီး ပွင့်လင်းမြင်သာသော လုပ်ငန်းစဉ်များ (တင်ဒါခေါ်ယူခြင်းနှင့် ဝယ်ယူခြင်း)မှတစ်ဆင့် ချုပ်ဆိုခြင်းနှင့် ရန်ပုံငွေများကို ရည်ရွယ်ချက်ရှိရှိ အသုံးပြုခြင်းတို့ကို သေချာစေခြင်းတို့ ပါဝင်သည်။ ကိုယ်စားလှယ်အဖွဲ့သည် ဘဏ္ဍာရေးဆိုင်ရာ စာရင်းစစ်ခြင်းနှင့် လိမ်လည်မှု သို့မဟုတ် စီမံခန့်ခွဲမှုမှားယွင်းမှုများအတွက် လိုအပ်သော အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ခြင်းခံရမည်ဖြစ်သည်။ တာဝန်ရှိပြီး ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအားလုံးသည် ဥရောပသမဂ္ဂ၏ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းနှင့် အပြည့်အဝ ကိုက်ညီမှုရှိစေရန် သေချာစေရမည်။

အတိုချုပ်အားဖြင့် ဥပဒေလိုက်နာမှုဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့၏ လုပ်ငန်းတာဝန်သည် ဥရောပသမဂ္ဂ၏ ဥပဒေစနစ်ကို လေးစားလိုက်နာရသည့်အပြင် နိုင်ငံတကာဥပဒေစနစ်နှင့် အိမ်ရှင်နိုင်ငံ၏ ဥပဒေဘောင်အတွင်း လေးစားလိုက်နာ၍ ဥရောပသမဂ္ဂ၏ တန်ဖိုးများဖြစ်သည့် ဒီမိုကရေစီ၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးများကို လေးစားလိုက်နာခြင်း၊ ဖွံ့ဖြိုးမှုအကူအညီများပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူ့သံတမန်ရေးရာနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ ဆက်ဆံဆောင်ရွက်မှု စသည်တို့ကို ပေါင်းစပ်၍ ဆောင်ရွက်ရသော သံတမန်ရေးရာ လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် လာရောက်တာဝန်ထမ်းဆောင်နေသည့် ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့အနေဖြင့် မြန်မာ – ဥရောပသမဂ္ဂ (EU) စီးပွားရေးဆိုင်ရာဆက်ဆံရေးကို ထိန်းသိမ်းထားရှိနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခြင်းသည် တစ်နည်းအားဖြင့် မြန်မာနိုင်ငံအပေါ် နားလည်ပေးခြင်း (Understanding Myanmar)ပင် ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာအထည်ချုပ်လုပ်ငန်းများ၏ပို့ကုန်အား EBA အစီအစဉ်အောက်တွင် အကောက်ခွန်လွတ် ဝင်ရောက်ခွင့်ပေးခြင်းသည် အမျိုးသမီးအလုပ်သမား ၈၅ ရာခိုင်နှုန်းရှိသည့် အလုပ်သမားပေါင်း ၈၀၀၀၀၀ ခန့်၏ စားဝတ်နေရေးနှင့် ပုံမှန်ဝင်ငွေရရှိရေးကို ကူညီပံ့ပိုးနေခြင်းပင် ဖြစ်ပါသည်။ ။

၁၀ https://eur-lex.europa.eu/eli/treaty/teu_2008/art_21/oj/eng
၁၁ https://legal.un.org/ilc/texts/instruments/english/conventions/9_1_1961.pdf
၁၂ https://eur-lex.europa.eu/legal-content/EN/TXT/HTML/?uri=CELEX:52016PC0605

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၆**

စက်တင်ဘာ ၂၇ ရက် မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# မော်စကိုမြို့၌ ကျင်းပသည့် မျက်နှာစုံညီအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ ပါဝင်တက်ရောက်

**ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူလိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ စက်တင်ဘာ ၂၆ ရက် ဒေသစံတော်ချိန် နေ့လယ်ပိုင်းက "အရာအားလုံးက အက်တမ်ကနေ စတင်တယ်" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် မျက်နှာစုံညီအစည်းအဝေးကို ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။**




"အရာအားလုံးက အက်တမ်ကနေ စတင်တယ်" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် မျက်နှာစုံညီအစည်းအဝေးကျင်းပစဉ်။

အဆိုပါ မျက်နှာစုံညီအစည်းအဝေးကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံပိုင်အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း(ROSATOM) ညွှန်ကြားရေးမှူးချုပ်Mr.Alexey Likhachev ဦးဆောင်ပြုလုပ်ခဲ့ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီးများနှင့် UMFCCIမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ မျက်နှာစုံညီ အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-

**ဦးကိုကိုလွင်**
**(ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**

ဒီနေ့က Atomic Energy Forum ကို နိုင်ငံတော်အကြီးအကဲနဲ့အတူ လာကြတာပါ။ အဏုမြူစွမ်းအင်နဲ့ပတ်သက်တဲ့ တာဝန်ရှိသူတွေပါလာကြတယ်။ စွမ်းအင်ဆိုတာက လူသားတွေအတွက် မရှိမဖြစ်လိုအပ်ချက်၊ အရေးကြီးဆုံး လိုအပ်ချက်ပဲ။ လူမှုဘဝရှင်သန်ဖို့၊ နိုင်ငံတစ်နိုင်ငံ စီးပွားဖွံ့ဖြိုးဖို့စွမ်းအင်လိုတယ်။

အဲဒီမှာ Energy ဆိုတာက Energy ရရှိဖို့အတွက် Primary Energy လို့ ခေါ်တဲ့ ဒီ Energy ကို ဘယ် Source က ယူတာလဲ။ ပြီးတဲ့အခါကျမှ Secondary Energy ကို ပြန်ပြီးတော့ Transform လုပ်တယ်။ ဥပမာအားဖြင့် ကျွန်တော်တို့လုပ်နေတဲ့ Oil and Gas ဆိုလို့ရှိရင် Oil and Gas ကို Primary Energy အနေနဲ့ လုပ်တယ်။ အဲဒီကနေပြီးတော့ Secondary Energy နဲ့ Transform လုပ်တဲ့အခါကျတော့ Electricity ဆိုတာရတယ်။ Electricity သည် Secondary Energy။ အဲဒီ Secondary Energy ကနေပြီးတော့ လိုချင်တဲ့ လူတွေရဲ့လိုအပ်ချက်တွေကို အသုံးပြုကြတယ်။ အခု ဒီ Atomic Energy ကျတော့ Primary Energy အနေနဲ့ Atom တွေကရတယ်။ Atom တွေက Uranium၊ Plutonium နဲ့ Thorium အဲဒီ Atom တွေက Fusion ဖြစ်တဲ့ အခါကျတော့ Atom တွေကနေ Nucleus က ကွဲသွားတဲ့အခါ Neutron တွေ ထွက်လာတယ်။ ဒါ Primary Energy ပေါ့။ အဲဒီကနေ Secondary Energy ဖြစ်တဲ့ အမျိုးမျိုးသော အသုံးပြုမှုတွေကိုသွားရော။ အခု ဒီနေ့ကတော့ ထွက်လာတဲ့ Energy တွေကို လျှပ်စစ်ထုတ်ဖို့ပါ။ ဒီအပြင် စိုက်ပျိုးရေးကိစ္စတွေ၊ ကျန်းမာရေးကိစ္စတွေမှာ သုံးမယ်။ အများကြီးသုံးလို့ရတယ်။

အဏုမြူစွမ်းအင် လုပ်မယ်ဆိုရင် နံပါတ်တစ်အရေးကြီးဆုံးကတော့ လူ့စွမ်းအားအရင်းအမြစ်နဲ့ အခြေခံအဆောက်အအုံတွေ လုပ်ရမယ်။ နံပါတ်နှစ်ကတော့ ငွေရေးကြေးရေး။ နံပါတ်သုံးကတော့ သူ့ရဲ့လုံခြုံစိတ်ချရမှု။

Security မှာ နှစ်ပိုင်းပါတယ်။ Nuclear ထုတ်တဲ့ Power-plant ကြီးတွေရဲ့ Secure ဖြစ်ဖို့လိုတယ်။ Very High Temperature မှာ သူက အလုပ်လုပ်တာ။ အဲဒီအခါကျတော့ Super Heated Region ကနေ Steam တွေထွက်လာတယ်။ အဲဒါကို သုံးတာ။ ဒါပေမယ့် သုံးချင်တဲ့ Steam တွေက သုံးပြီး၊ သုံးနေတဲ့အချိန်မှာ အဲဒီ Plant ကြီးကိုကျတော့ Cooling System တွေက အအေးပေးထားရတယ်။ နောက်တစ်ခါ Nuclear Atom တွေက ပြိုကွဲသွားတဲ့အခါ Radiation တွေ ထွက်လာတယ်။ အဲဒါတွေကို အကာအကွယ်ပြုလုပ်ရတယ်။ ဒါကြောင့်မို့ Nuclear ဆိုတာနဲ့ နံပါတ်တစ် Security ဆိုတဲ့နေရာမှာ အဲဒီမှာ အလုပ်လုပ်မယ့် လူတွေက ဟာ... ဒါဆိုရင် သူတို့ဘာဖြစ်မလဲ။ စိုးရိမ်မှုတွေရှိတယ်။ နောက်တစ်ခုက အဲဒါကို သုံးစွဲမယ့်ပြည်သူလူထု။ ခုနက IAEA က ပြောသွားတယ်။ ပြည်သူလူထုက Nuclear ဆိုရင် လန့်နေကြတယ်။ အဲဒါကို ပြောပြရမယ်။

ဒီနေ့က ဒီနျူကလီးယားနည်းပညာတွေက တဖြည်းဖြည်းနဲ့ မြင့်တက်လာတယ်။ အခုဆိုရင် Generation က 3 Plus (တတိယမျိုးဆက်လွန်) ဖြစ်သွားပြီ။ နောက်တစ်ခါ သူတို့ 4 ကိုသွားဖို့ သူတို့ဆွေးနွေးနေကြပြီ။ 4 သွားပြီဆိုလို့ရှိရင် ပိုပြီးတော့လုံခြုံလာမယ်။ အခုက နျူကလီးယားသုံးပြီဆိုလို့ရှိရင် ယူရေနီယံတွေ အစွမ်းမဲ့သွားပြီဆိုရင် စွန့်ပစ်ရမယ့်ပြဿနာကိုရင်ဆိုင်ရပြီ။ စတုတ္ထမျိုးဆက်နည်းပညာမှာ Depleted Uranium တွေကို မစွန့်ပစ်ရတော့ဘူး။ ပြန်သုံးမယ်။ Reuse ပြန်လုပ်မယ်။ အဲဒါ 4th Generation ဆိုပြီးတော့ သွားနေကြတယ်။ အဲဒီမှာတော့ ရုရှားက နည်းပညာဦးဆောင်နိုင်ငံဖြစ်တယ်။ မနေ့ကလည်း နိုင်ငံတော်အကြီးအကဲတွေ ဆွေးနွေးကြတဲ့အထဲမှာ အဲဒီခေါင်းစဉ်တွေပါတယ်။ ဒီနေ့လည်း ဆွေးနွေးတယ်။ ဘာပြောပြော ကျွန်တော်တို့နိုင်ငံအနေနဲ့သည် Energy Mix ဆိုတဲ့နေရာမှာ Nuclear သည် အချိုးတစ်ခုပါကို ပါရမယ်။ အဲဒါမှ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမယ်။ ဒီနေ့လည်း ကျွန်တော်တို့ နိုင်ငံတော်အကြီးအကဲရဲ့ရှေ့မှောက်မှာ လက်မှတ်ထိုးကြတယ်။ အဲဒါ ကျွန်တော်တို့ မဖြစ်မနေ ဆောင်ရွက်ရမယ်။ အဲဒါကို ပြည်သူလူထုအနေနဲ့ကလည်း ဆောင်ရွက်ရမယ်။ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်မတန်အရေးပါတယ်ဆိုတာကို ပြည်သူလူထုနားလည်ရမယ်။ ဒီဘက်ကလည်း နည်းပညာတွေအရ Secure လုပ်မယ်။ နောက်တစ်ခါ ဒီမှာအလုပ်လုပ်မယ့် လူတွေ၊ ဒီပညာတွေ သင်ဖို့အတွက် သူတို့က စိုးရိမ်စိတ်တွေရှိစရာ မလိုဘူး။ အခုလည်း ဒီမှာ Nuclear နဲ့ပတ်သက်တဲ့ပညာရှင်ငယ်ငယ်လေးတွေ ကျွန်တော်တို့တွေ့ခဲ့ရတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀/၇၀ လောက်ကတည်းက ဒါကို စလုပ်နေတာ။ ဒါကို ပြည်သူလူထုအနေနဲ့ လုပ်ကိုလုပ်ရတော့မယ်။ ကြိုးစားလုပ်ရမယ်။ ဒါဆို ငါတို့နိုင်ငံတော်အတွက် ဘယ်လိုဖွံ့ဖြိုးတိုးတက်လာမယ်ဆိုတဲ့ အသိအမြင်လေးတွေ ရစေချင်ပါတယ်။



ပြည်ထောင်စုဝန်ကြီး
ဦးကိုကိုလွင်



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာသက်ခိုင်ဝင်း

**ဒေါက်တာသက်ခိုင်ဝင်း**
**(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**

နိုင်ငံတော် အကြီးအကဲနဲ့အတူ မော်စကိုမှာကျင်းပတဲ့ (World Atomic Week Forum 2025) ကို လာတက်ရောက်ခြင်းဖြစ်ပါတယ်။ ဒီနေ့ကလည်း နိုင်ငံတော်အကြီးအကဲ ပါဝင်တဲ့ World Atomic Week ထိပ်သီးဆွေးနွေးပွဲကို တက်ရောက်ပါတယ်။ Nuclear Technology နဲ့ပတ်သက်ပြီးတော့ နိုင်ငံတစ်နိုင်ငံမှာ အသုံးပြုဖို့ဆိုတာ တော်တော်အရေးကြီးတဲ့ ဆုံးဖြတ်ချက်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ မနေ့က ထိပ်သီးဆွေးနွေးပွဲမှာ နိုင်ငံတော်အကြီးအကဲများဟာ မိမိတို့နိုင်ငံတွေအလိုက် Nuclear Technology ကို မိမိတို့လူမှုပတ်ဝန်းကျင်ကို ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီစဉ်ဆောင်ရွက်နေတဲ့ အစီအစဉ်တွေကို ဆွေးနွေးသွားကြတာတွေ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့လည်း နိုင်ငံတော် ယာယီသမ္မတကြီးက မြန်မာနိုင်ငံမှာ ဆောင်ရွက်မယ့် Nuclear Technology နဲ့အတူ လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်အောင် စီစဉ်နေတဲ့ အစီအစဉ်တွေ၊ နောက်ဆောင်ရွက်မယ့်အစီအစဉ်တွေကို ကျယ်ပြန့်စွာ ဆွေးနွေးသွားခဲ့ပါတယ်။ ဒီလို ဆွေးနွေးတဲ့အခါမှာလည်း ကျွန်တော်တို့နိုင်ငံရဲ့ Nuclear Technology ကို ပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ဖို့အတွက် အဖွဲ့အစည်းတွေဖြစ်တဲ့ IAEA လို အဖွဲ့အစည်းတွေ ROSATOM လို အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတဲ့ အကြောင်းတွေကိုလည်း ဆွေးနွေးခဲ့တာတွေ့ရှိခဲ့ပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း ဒီပွဲမှာဆိုရင် ကျွန်တော်တို့ အပါအဝင် ကျွန်တော်တို့ရဲ့ Nuclear Medicine Department ကတာဝန်ရှိသူများလည်း ပါဝင်လာပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်းပဲ ဒီ Nuclear Technology အသုံးပြုပြီးတော့ ဆေးကုသမှုတွေ၊ ရောဂါရှာဖွေမှုတွေ၊ အထူးသဖြင့် ကင်ဆာရောဂါနဲ့ ပတ်သက်တဲ့ ကုသမှုတွေ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီမှာ တက်ရောက်လာခြင်းအားဖြင့် ROSATOM မှာ တာဝန်ရှိသူတွေနဲ့ ကျွန်တော်တို့ရဲ့တာဝန်ရှိသူတွေ တွေ့ဆုံဆွေးနွေးပြီးတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံမှာ ဆေးကုသမှုနဲ့ ပတ်သက်ပြီး Nuclear Technology အသုံးပြုပြီးတော့ ဆောင်ရွက်မယ့်ဟာတွေ၊ ယခုလက်ရှိအခြေအနေထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ဖို့ ဒါတွေကိုလည်း ဆွေးနွေးနိုင်မယ့် အခွင့်အလမ်းရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံမှာလည်းပဲ Nuclear Technology ဆေးကုသမှုလုပ်တဲ့အခါမှာ Isotope တွေ ကျွန်တော်တို့နိုင်ငံမှာလည်း ထုတ်နေတာရှိသလို ပြည်ပနိုင်ငံက တင်သွင်းရတာတွေလည်းရှိပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့လည်း ပိုမိုကောင်းမွန်တဲ့၊ အရည်အသွေးမြင့်မားတဲ့ Isotope တွေပြည်တွင်းမှာထုတ်လုပ်နိုင်ဖို့၊ ပြည်ပမှတင်သွင်းနိုင်ဖို့တွေကို ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ (World Atomic Week Forum 2025) ကို လာရောက်တက်ရောက်ခြင်းဟာဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ Nuclear Technology နဲ့ လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်အောင်

*စာမျက်နှာ ၁၁ သို့*

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲ တက်ရောက်အားပေး

**ထားဝယ် စက်တင်ဘာ ၂၆**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှဦးဆောင်၍ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၁၂) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀) ၌ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းကြသူများကို အာဟာရဖြည့်စားသောက်ဖွယ်ရာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ ရဲမှူးကြီးမြင့်ထွန်း၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့များက တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တစ်ဦးချင်း အာဟာရဖြည့် စားသောက်ဖွယ်ရာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

ဆောင်ရွက်မယ့် လုပ်ငန်းတွေမှာ နိုင်ငံတော် ယာယီသမ္မတကြီး ကိုယ်တိုင် တက်ရောက်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ နိုင်ငံအတွက် မှတ်တိုင်တစ်ခု၊ Nuclear Technology အသုံးပြုတဲ့ မှတ်တိုင်တစ်ခုအဖြစ်နဲ့ ကျန်ခဲ့မယ်လို့ ယုံကြည်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ရုရှား-အာဆီယံဆွေးနွေးပွဲကို ပါဝင်တက်ရောက်ခဲ့သည်။ ထို့နောက် ROSATOM ညွှန်ကြားရေးမှူးချုပ်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲကို ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၂၆**

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။



ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် -၂၀၂၅ (World Atomic Week Forum-2025) ဖွင့်ပွဲကျင်းပ ပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၆**

ကမ္ဘာ့အဏုမြူသီတင်းပတ် ဖိုရမ်-၂၀၂၅ (World Atomic Week Forum-2025) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ VDNKh စင်တာ၌ ကျင်းပပြုလုပ်ရာ အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် A.V Novak နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက် စကားများ ပြောကြားကြသည်။

အဆိုပါဖိုရမ်သည် နျူကလီးယား စွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရန် စိတ်ဝင်စားကြသည့် နိုင်ငံများ စုဝေးကြသည့် အကြီးမားဆုံးသော အပြည်ပြည်ဆိုင်ရာ အစည်းအဝေးတစ်ခုလည်း ဖြစ်သည်။

ဖိုရမ်တွင် နိုင်ငံပေါင်း ၁၀၀ ကျော်မှ ပညာရှင်များ၊ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး နျူကလီးယားစွမ်းအင်နှင့် သိပ္ပံနည်းပညာ စွမ်းအင်ကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာများတွင် အနာဂတ်တွင် မည့်သို့သက်ရောက်မှု ရှိနိုင်သည့် အခြေအနေဆိုင်ရာများကို ဆွေးနွေးလျက်ရှိသည်။ အဆိုပါဖိုရမ်တွင် စားပွဲဝိုင်းဆွေးနွေးပွဲများ၊ နားလည်မှုဆိုင်ရာ စာချွန်လွှာ လက်မှတ်ရေးထိုးပွဲများပါရှိပြီး စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာများနှင့်ပတ်သက်၍ တက်ရောက်လာသူများ လေ့လာကြည့်ရှုနိုင်ရန် ပြခန်းများအား သက်ဆိုင်ရာနိုင်ငံများအလိုက် ခင်းကျင်းပြသထားလျက်ရှိသည်။

ယခုဖိုရမ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rosatom Technical Academy နှင့် မြန်မာနိုင်ငံရန်ကုန်နည်းပညာတက္ကသိုလ်တို့အကြား ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ သဘောတူစာချုပ် (MOU) ကို လက်မှတ် ရေးထိုးခဲ့ကြသည်။ အဆိုပါစာချုပ်အရ နျူကလီးယားသိပ္ပံ၊ နည်းပညာ၊ သုတေသနနှင့် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများတိုးမြှင့်ရေး၊ သင်ရိုးညွှန်းတမ်းများ ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် အပြည်ပြည်ဆိုင်ရာစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍ Naypyidaw State Polytechnic University မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါက်တာစိုးလွင်အောင်က "ဒီနေ့ကျွန်တော်တို့ မြန်မာနိုင်ငံက ရန်ကုန်နည်းပညာတက္ကသိုလ်နဲ့ ရုရှားနိုင်ငံက ROSATOM Technical Academy နဲ့အကြားမှာ နားလည်မှုစာချွန်လွှာ ရေးထိုးကြပါတယ်။ ရန်ကုန်နည်းပညာတက္ကသိုလ်နဲ့ ROSATOM Technical Academy နဲ့ အကြားမှာ ဒီလိုမျိုး နားလည်မှုစာချွန်လွှာတွေရေးထိုးပြီးတဲ့နောက်မှာ ပထမအနေနဲ့ ကျောင်းသားကျောင်းသူအချင်းချင်း အပြန်အလှန်စေလွှတ်တာတွေ၊ သင်ကြားရေးနဲ့ပတ်သက်တဲ့ ဆရာ၊ ဆရာမတွေ ဖလှယ်တာတွေ၊ သုတေသနနဲ့ပတ်သက်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ၊ ပြီးတော့ ယဉ်ကျေးမှုချင်းဖလှယ်တဲ့ လုပ်ငန်းတွေ ဆောင်ရွက်သွားဖို့ရှိပါတယ်။ အခု လက်ရှိမှာလည်း မြန်မာနိုင်ငံက စေလွှတ်ထားတဲ့ ကျောင်းသားတွေအနေနဲ့ ROSATOM ရဲ့ အကူအညီနဲ့ ရုရှားနိုင်ငံ တက္ကသိုလ်တွေမှာ ပညာသင်ယူနေကြတာတွေရှိပါတယ်။ နျူကလီးယားစွမ်းအင်နဲ့ပတ်သက်ရင် ရုရှားက ကမ္ဘာမှာ ပထမဆုံး Pioneer ဖြစ်တယ်။ ဒီအဏုမြူစွမ်းအင်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ဆီက ကျောင်းသား ကျောင်းသူတွေ၊ ဆရာ ဆရာမတွေ ဒီလိုမျိုး တက္ကသိုလ်တွေကနေ ပညာသင်ယူလေ့လာခွင့်ရတယ်ဆိုတာ ကျွန်တော်တို့နိုင်ငံရဲ့ HR ကဏ္ဍ၊ သုတေသနကဏ္ဍအပြင် နျူကလီးယား စွမ်းအင်နဲ့ပတ်သက်တဲ့ စီမံကိန်းတွေအတွက်ပါ အောင်မြင်တဲ့ အခွင့်အလမ်းတွေ အများကြီး ရရှိလာနိုင်မှာဖြစ်ပါတယ်။"



Rosatom Technical Academy ၏ ပါမောက္ခချုပ်ကလည်း နျူကလီးယား ပညာရေးကို တည်ဆောက်ပြီး ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်အတွက် မြန်မာနိုင်ငံမှ ကျောင်းသားများကို ရုရှားနိုင်ငံရှိ တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိမှုနှင့်အတူ ကိုယ်ပိုင် နျူကလီးယားပညာရေး အစီအစဉ်များ လုပ်ဆောင်ရန် လိုအပ်ကြောင်း ဖြေကြားခဲ့သည်။

ကမ္ဘာ့ အဏုမြူသီတင်းပတ်ဖိုရမ်-၂၀၂၅ (World Atomic Week Forum-2025) ကို စက်တင်ဘာ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၆** ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြည်စေရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ရုံးမြေဧရိယာနှင့် ထိန်းသိမ်း မြေဧရိယာအတွင်း ရတနာတန်းဝင်အပင်များ၊ အရိပ်ရလေကာပင်များ၊ နှစ်ရှည်သီးပင်စားပင်များနှင့် ပန်းအလှပင်များအား မြေကွက်လပ်မကျန် စိုက်ပျိုးနိုင်ရေး ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင်ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦးက ဥက္ကဋ္ဌရုံးအဖွဲ့နှင့် ဦးစီးဌာနများမှဝန်ထမ်းများ သစ်ပင်စိုက်ပျိုးရန်အတွက် ပျိုးပင်များကို အမြဲတမ်းအတွင်းဝန်နှင့် သက်ဆိုင်ရာဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များထံသို့ပေးအပ်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သတ်မှတ်နေရာ၌ ခရေပင်ကို စတင်စိုက်ပျိုးပေးပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ ဌာနအကြီးအမှူးများက သတ်မှတ်နေရာအသီးသီးတွင် ခရေပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တာဝန်ရှိသူများနှင့်အတူ ဆည်အမှတ် (၂၆)၊ ဆည်အောက်ဘက်၊ ယာယီဝန်ထမ်းအိမ်ရာ (C) ရပ်ကွက်နှင့် အိမ်ရာများအကြား၌ စိုက်ကွက်အလိုက် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှု အခြေအနေကို လှည့်လည်ကြည့်ရှု အားပေးသည်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ဝန်ထမ်းများက ကံ့ကော်၊ ခရေ၊ မာလကာ၊ မန်ကျည်း၊ ပိန္နဲ၊ ဩဇာ၊ ဒန့်သလွန်၊ မဲဇလီ၊ ပျဉ်းကတိုး၊ သဘော်ကုက္ကို၊ ပျဉ်းမ စသော နှစ်ရှည်ပင်နှင့် အရိပ်ရ လေကာပင် စုစုပေါင်း ၅၅၀ ကို သတ်မှတ်နေရာများ အလိုက် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၆**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့နယ် ကျီးအင်းကျေးရွာသို့ သွားရောက်ပြီး သီးနှံများ ပန်းတိုင်အထွက်နှုန်းတိုးတက်ရေးအတွက် သဘာဝမြေဩဇာပုံ ပြုလုပ်ထားရှိမှုနှင့် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း သရုပ်ပြမှုတို့ကို ကြည့်ရှုအားပေးသည်။



ဦးစွာ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ထရိုင်ခိုဒါးမို့ အသုံးပြုနည်း၊ သဘာဝမြေဩဇာပြုလုပ်ပုံ၊ ပြုလုပ်နည်းနှင့် နည်းစနစ်တကျ အသုံးပြုနည်းများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားပြီး စပါးခွံမြေဆွေး၊ ကြံမြှုပ်ချေး၊ နှမ်းရိုးမြေဆွေး၊ ဖွဲနု၊ နွားချေး၊ EM(သက်ရှိအဏုဇီဝပိုး) တို့ဖြင့် သဘာဝမြေဆွေးပုံပြုလုပ်ထားရှိမှုနှင့် သရုပ်ပြဆောင်ရွက်နေမှုကို ကြည့်ရှုသည်။

ထို့နောက် လယ်ဝေးမြို့နယ် ပိတောက်ချောင်ရွာသို့သွားရောက်၍ သီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူအသိပညာပေးတွေ့ဆုံပွဲကို တက်ရောက်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သဘာဝမြေဩဇာတွင်ကျယ်စွာ အသုံးပြုနိုင်ရေး ဆွေးနွေးပြောကြားပြီး နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှူးက ပေါ်ဆန်းစိုက်ပျိုးခြင်းနှင့် သဘာဝမြေဆွေးပြုလုပ်သည့် နည်းလမ်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သွင်းအားစု ဓာတ်မြေဩဇာများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင်များက သဘာဝမြေဆွေးအိတ်နှင့် EM ဆေးရည်များကိုလည်းကောင်း တောင်သူများထံပေးအပ်ကာ တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး တောင်သူပညာပေး မိုးစပါး ရေဆင်းပေါ်ဆန်း(၂) စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် သရက်ကုန်းကျေးရွာ စမတောင်အဝင်လမ်းရှိ စိမ့်ဝင်ကတ္တရာလောင်းခြင်းနှင့် ရေပိတ်လွှာလောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဟိုတယ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ဟိုတယ်များ တည်ဆောက်ပြုပြင်ရေးနှင့် ဟိုတယ်ဇုန်ဧရိယာ စိမ်းလန်းစိုပြည်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ နေပြည်တော်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာကျောင်းတိုက်နှင့် ပျဉ်းမနားမြို့နယ် အုန်းတောကျောင်းတိုက်တို့၌ ကျင်းပသည့် နေပြည်တော်ကောင်စီနှင့် နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၏ စုပေါင်းလှူဒါန်းမှုဖြင့် နေပြည်တော်အတွင်းရှိ ဆွမ်းလောင်းအသင်းများအား ဆန်၊ ဆီ၊ ပဲ လောင်းလှူပွဲကို တက်ရောက်၍ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား ဆွမ်းဆန်တော်၊ လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း၍ ဆရာတော်ကြီးများထံမှ အနုမောဒနာတရား နာယူကြည်ညိုပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။ **အောင်သူရဦး(ဒက္ခိဏ)**

**မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ရုံးဝင်းအတွင်း၌ စက်တင်ဘာ ၂၆ ရက်က မြို့နယ်မီးသတ်ဦးစီးအရာရှိဦးဆန်းဝင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်စဉ်။**

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



❖ *ကျော်ဖုံးမှ*

နိုင်စွမ်းမရှိသည့်အတွက် နစ်နာခဲ့ရသည်။ ဘိုလော့ဂ်နာအသင်းသည် အက်စ်တွန်ဗီလာအသင်းကို ခြေရည်တူကစားနိုင်ခဲ့သော်လည်း ဂိုးသွင်း စွမ်းဆောင်ရည်ပိုင်း လိုအပ်ချက် ရှိနေသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

အက်စ်တွန်ဗီလာ အသင်းသည် ဘိုလော့ဂ်နာအသင်းကို ပွဲချိန် အများစု ခက်ခက်ခဲခဲ ယှဉ်ပြိုင် ကစားခဲ့ရသော်လည်း ရရှိလာသည့် အခွင့်အရေးကို အမိအရအသုံးချကာ အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။

ယူရိုပါလိဂ်ပွဲစဉ် (၁) မှ အခြားပွဲစဉ်ရလဒ်များတွင် ပါနာသီနိုင်ကော့စ် က ယန်းဘွိုင်းစ်ကို လေးဂိုး-တစ်ဂိုး၊ ပေါ်တိုက ဆောလ်ဘတ် ကို တစ်ဂိုး-ဂိုးမရှိ၊ ဂျန့်ခ်က ရိန်းဂျားကို တစ်ဂိုး-ဂိုးမရှိ၊ စတုဂတ်က ဆဲလ်တာဗီဂိုကို နှစ်ဂိုး-တစ်ဂိုးဖြင့် အသီးသီးနိုင်ပွဲကိုယ်စီ ရရှိခဲ့သည်။ **အောင်ဇော်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Ma Moe” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄) ရပ်ကွက်နေ နန်းမြင့်မြင့်မိုးအား ည ၈ နာရီ မိနစ် ၅၀ တွင် တောင်ဥက္ကလာပမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်ကိုယ်စားပြုအသင်း စခန်းသွင်းလေ့ကျင့်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၂၆**

တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ၌ (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းများ စခန်းသွင်းလေ့ကျင့်နေမှုကို ယနေ့နံနက် ၁၀ နာရီက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

ထို့နောက် အင်းလေးရေလယ်ညှေ့ခန်းမရှေ့၌ ကျင်းပသည့် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ အကြိုပွဲစဉ်များ ယှဉ်ပြိုင်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများက တပျော်တပါး စုပေါင်း၍ ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ညောင်ရွှေမြို့ အဋ္ဌဒီသာဓမ္မဝိဟာရ ဒေသစာရီ ကျောင်းတော်ကြီးသို့ ရောက်ရှိ ကိန်းဝပ်အပူဇော်ခံမည့် စက်တင်ဘာ ၂၈ ရက် (သီတင်းကျွတ်လဆန်း ၇ ရက်) နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# မုဒုံမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ ကမ်းရိုးတန်းသွားဆိပ်ကမ်းတည်ဆောက်ရန် ရေလမ်းကြောင်းနှင့် ကမ်းနားနယ်နိမိတ်ပူးပေါင်းတိုင်းတာခြင်းလုပ်ငန်းများနှင့် စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၂၆**

မွန်ပြည်နယ် မုဒုံမြို့အနီး၌ အပြည်ပြည်ဆိုင်ရာ ကမ်းရိုးတန်းသွားဆိပ်ကမ်း တည်ဆောက်ရန်အတွက် ရေလမ်းကြောင်းနှင့် ကမ်းနားနယ်နိမိတ် ပူးပေါင်းတိုင်းတာခြင်း လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဆိပ်ကမ်းအရာရှိချုပ်နှင့် တာဝန်ရှိသူများက ရေလမ်းကြောင်းနှင့် ကမ်းနားနယ်နိမိတ် ပူးပေါင်းတိုင်းတာရေးအဖွဲ့ ဖွဲ့စည်းတာဝန် ပေးအပ်ထားရှိမှုနှင့် ရေလမ်းကြောင်းနှင့် ကမ်းနားနယ်နိမိတ် တိုင်းတာသတ်မှတ်တင်ပြနိုင်ရေး ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်နှင့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်မည့် ဧရိယာကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မုဒုံမြို့အနီးတွင် နိုင်ငံတကာအဆင့်မီ လေယာဉ်ကွင်းသစ်စီမံကိန်း ဆောင်ရွက်လျက်ရှိသည့်အပြင် အပြည်ပြည်ဆိုင်ရာ ကမ်းရိုးတန်းသွား ဆိပ်ကမ်း တည်ဆောက်ခြင်းဖြင့် ပြည်နယ်နှင့် နိုင်ငံအတွက် ပိုမိုအကျိုးရှိသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ မော်လမြိုင်ဆိပ်ကမ်း ရေလမ်းကြောင်းနှင့် ကမ်းနားနယ်နိမိတ် တိုင်းတာရေး လုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားရန်နှင့် ကမ်းရိုးတန်းသွား အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းကို BOT စနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ့ဆိပ်ကမ်း အာဏာပိုင် တိုင်းတာရေးအဖွဲ့ လုပ်ငန်းများ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ထိုင်းနိုင်ငံ တော်ဝင်မင်းသမီးကြီး မဟာချက်ကရီသီရိဒုံ စီမံကိန်းမှ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ သင်ကြားရေးနှင့် ရုံးလုပ်ငန်းပစ္စည်းကိရိယာများ လှူဒါန်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၆**

ထိုင်းနိုင်ငံ တော်ဝင်မင်းသမီးကြီး မဟာချက်ကရီသီရိဒုံ စီမံကိန်းမှ သင်ကြားရေးနှင့် ရုံးလုပ်ငန်း ပစ္စည်းကိရိယာများ လှူဒါန်း ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်ခန်းမ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Mongkol Visitstump နှင့် သံရုံးတာဝန်ရှိသူများ၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပညာရေးဆိုသည်က နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံ အုတ်မြစ်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အင်အားပြင်း ငလျင်ဒဏ်ကြောင့် စိုက်ပျိုးရေးတက္ကသိုလ်၏ ပညာရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် လိုအပ်သည်များ ကူညီပေးနိုင်ရန် ကမ်းလှမ်းပေးခဲ့သည့် ထိုင်းနိုင်ငံသံရုံးနှင့် တော်ဝင်မင်းသမီးကြီး မဟာချက်ကရီသီရိဒုံအား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ တော်ဝင်မင်းသမီးကြီး မဟာချက်ကရီသီရိဒုံစီမံကိန်းမှ တာဝန်ရှိသူများက သင်ကြားရေးသုံး ပစ္စည်းကိရိယာများပေးအပ်ရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်က လက်ခံရယူပြီး ပါမောက္ခချုပ်က ထိုင်းနိုင်ငံ တော်ဝင်မင်းသမီးကြီးအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်း မန္တလေး ငလျင်ဒဏ်ကြောင့် ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ်၏ အဆောက်အအုံအချို့ ထိခိုက်ပျက်စီးခဲ့သဖြင့် ပြန်လည်ပြုပြင်မွမ်းမံစဉ်ကာလတွင် ထိုင်းနိုင်ငံ တော်ဝင်မင်းသမီးကြီး မဟာချက်ကရီသီရိဒုံစီမံကိန်းမှ ကွန်ပျူတာများ၊ ပရိုဂျက်တာများ၊ ပရင်တာများ၊ လေအေးပေးစက်များ၊ မိတ္တူကူးစက်များနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ခြင်းကြောင့် တက္ကသိုလ်၏ ပညာရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် များစွာ အထောက်အကူဖြစ်စေကြောင်း သိရသည်။

**သတင်းစဉ်**



# မိုးနဲမြို့နယ်၌ ဝင်ငွေရ နှစ်ရှည်သီးနှံပျိုးပင်များ အခမဲ့ဖြန့်ဝေ

**မိုးနဲ စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပျိုးဥယျာဉ်အတွင်း ဝင်ငွေရနှစ်ရှည်သီးနှံပင်များ ပျိုးထောင်ထားရှိပြီး ဒေသခံပြည်သူများအား အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ပျိုးဥယျာဉ်အတွင်း ဝင်ငွေရနှစ်ရှည်သီးနှံပင်များအဖြစ် ထောပတ် ၂၅၀၀၊ ကော်ဖီ ၅၀၀၀ ပျိုးထောင်ထားရှိပြီး ယနေ့တွင် မိုက်ဟိုင်းကျေးရွာအုပ်စုအတွင်းနေထိုင်သည့် ဒေသခံလီဆူနှင့် ကယန်းတိုင်းရင်းသားများသို့ ထောပတ်နှင့် ကော်ဖီပျိုးပင်များ စိုက်ပျိုးရန် လာရောက်သယ်ယူမှုအပါအဝင် ထောပတ် ၂၀၀၀ နှင့် ကော်ဖီ ၃၀၀၀ စုစုပေါင်းပျိုးပင် ၅၀၀၀ ကို ပြည်သူများ ဝင်ငွေရရှိစိုက်ပျိုးနိုင်ရန် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မျိုးညွှန့်ရွှေ(မိုးနဲ)**

## သွင်းကုန်ဆေးဝါးများကို ၁၀၀ ရာခိုင်နှုန်း အခွန်စည်းကြပ်မည်ဟု ထရမ့်ပြော

ဝါရှင်တန် စက်တင်ဘာ ၂၆

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဆေးဝါးလုပ်ငန်းကို ပစ်မှတ်ထား၍ နောက်ထပ် အခွန်စည်းကြပ်မှုအသစ်တစ်ခုကို ကြေညာခဲ့သည်။ အောက်တိုဘာ ၁ ရက်မှစတင်၍ အမေရိကန်သို့တင်သွင်းလာသည့် ဆေးဝါးအချို့အား ၁၀၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ကောက်ခံမည်ဟု စက်တင်ဘာ ၂၅ ရက်တွင် လူမှုကွန်ရက်စာမျက်နှာပေါ်၌ ကြေညာခဲ့သည်။**



အမေရိကန်တွင် စက်ရုံတည်ဆောက်နေသည့် ကုမ္ပဏီများကိုမူ ကင်းလွတ်ခွင့်ပေးမည်ဟု ထရမ့်က ပြောသည်။

လူမှုကွန်ရက်စာမျက်နှာပေါ်တွင်ဖော်ပြထားသည့် ၁၀၀ရာခိုင်နှုန်း အခွန်ကောက်ခံမှုသည် အမှတ်တံဆိပ်ပါသော သို့မဟုတ် မူပိုင်ခွင့်ယူထားသော ဆေးဝါးထုတ်ကုန်များအပေါ် သက်ရောက်မှုရှိမည်ဖြစ်သည်။

ကုန်ကားများ၊ မီးဖိုချောင်သုံးဗီရိုများ၊ ရေချိုးခန်းသုံးပစ္စည်းများနှင့် ဆိုဖာပရိဘောဂပစ္စည်းများအထိ ပါဝင်သည့်အခွန်စည်းကြပ်မှုအသစ်တွင် ဆေးဝါးများလည်း ပါဝင်လာခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## ဖိလစ်ပိုင်နိုင်ငံ၌ အနောက်တောင်မုတ်သုံလေနှင့် မုန်တိုင်းများ ဝင်ရောက်တိုက်ခတ်မှုကြောင့် လူပေါင်း ၁၂၂၇၁၂ ဦး ထိခိုက်

**မနီလာ စက်တင်ဘာ ၂၆**

ဖိလစ်ပိုင်နိုင်ငံ၌ စက်တင်ဘာ ၂၅ ရက်က ပြင်းထန်သည့်အပူပိုင်းမုန်တိုင်း Bualoi သည် ကုန်းတွင်းပိုင်းကို ဝင်ရောက်တိုက်ခတ်မှု ဖြစ်ပွားပြီးနောက် လူလေးဦးသေဆုံးကြောင်း နိုင်ငံ၏ပြည်သူ့ကာကွယ်ရေးရုံး(အိုစီဒီ)က စက်တင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

ပြင်းထန်သည့် အပူပိုင်းမုန်တိုင်းကြောင့် လေးဦးသေဆုံးကြောင်း ဘီကိုးရှိ အိုစီဒီ၏ ဒေသဆိုင်ရာ ဒါရိုက်တာဖြစ်သူ ကလော်ဒီယို ယူကုတ်က ရုပ်မြင်သံကြားသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အလားတူ အရှေ့ပိုင်းဆာမာပြည်နယ်မှ ငါးဖမ်းသမား ငါးဦး ပျောက်ဆုံးနေကြောင်း၊ အဆိုပါ ငါးဖမ်းသမားငါးဦးမှာ ပြီးခဲ့သည့် စက်တင်ဘာ ၂၃ ရက်က ငါးဖမ်းရန်သွားရောက်ခဲ့ရာ စက်တင်ဘာ ၂၅ ရက်အထိ ပြန်မရောက်သေးကြောင်း ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း အရှေ့ဗီဆာရက်ရှိ အိုစီဒီ၏ ဒေသဆိုင်ရာဒါရိုက်တာ လော့ဒ်ဘိုင်ရွန် တော်ရီကာရီယန်က ပြောကြားသည်။

Bualoi သည် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း၌ ရစ်ဝဲနေပြီး တစ်နာရီလျှင် ၃၅ ကီလိုမီတာနှုန်းဖြင့် အနောက်ဘက်သို့ ရွေ့လျားကာ အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၁၀ ကီလိုမီတာနှင့် လေပြင်း တစ်နာရီလျှင် ၁၃၅ ကီလိုမီတာအထိ တိုက်ခတ်နိုင်ကြောင်း နိုင်ငံ၏ မိုးလေဝသဌာန PAGASA က စက်တင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ အနောက်တောင်မုတ်သုံလေနှင့် မကြာသေးမီသီတင်းပတ်က ဝင်ရောက်တိုက်ခတ်ခဲ့သည့် ရာဂါဆာနှင့် Bualoi အပါအဝင် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းသုံးကြိမ် ဝင်ရောက်တိုက်ခတ်မှုကြောင့် လူ ၁၄ ဦးသေဆုံးကြောင်း၊ အဆိုပါဖြစ်စဉ်များကြောင့် နိုင်ငံတစ်ဝန်း မိသားစုပေါင်း ၃၀၃၅၃၇ စုမှ လူပေါင်း ၁၂၂၇၁၂ ဦးကို ထိခိုက်စေခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် စီမံခန့်ခွဲမှုကောင်စီက စက်တင်ဘာ ၂၆ ရက်တွင် ထုတ်ပြန်ထားသည်။ Bualoi မုန်တိုင်းသည် စက်တင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံမှ ထွက်ခွာမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ပျမ်းမျှအားဖြင့် နှစ်စဉ် ဖိလစ်ပိုင်နိုင်ငံသို့ တိုင်ဖွန်းမုန်တိုင်း ၂၀ ခန့် ဝင်ရောက်တိုက်ခတ်လေ့ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



## မကူးစက်နိုင်သည့်ရောဂါများကြောင့် သေဆုံးမှုများလျှော့ချနိုင်ရေးလုပ်ဆောင်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တောင်းဆို

**ဂျီနီဗာ စက်တင်ဘာ ၂၆**

မကူးစက်တတ်သော ရောဂါများကြောင့် သေဆုံးမှုများလျှော့ချနိုင်ရန်၊ စိတ်ကျန်းမာရေးနှင့် ကိုယ်ကျန်းမာရေးကို မြှင့်တင်ရန်အတွက် တစ်ကမ္ဘာလုံးက ဝိုင်းဝန်းအရေးယူ ဆောင်ရွက်ကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရပ်စ်က စက်တင်ဘာ ၂၅ ရက်တွင် တောင်းဆိုခဲ့သည်။

**မျှော်လင့်ချက်မရှိသေး**

၂၀၃၀ ပြည့်နှစ်တွင် မကူးစက်နိုင်သောရောဂါများကြောင့် လူသေဆုံးမှုများကို သုံးပုံတစ်ပုံအထိ လျှော့ချနိုင်ရေး ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး ရည်မှန်းချက်အား ယခု လက်ရှိအခြေအနေတွင် အောင်မြင်အောင် လုပ်ဆောင်နိုင်ရန် မျှော်လင့်ချက်မရှိသေးကြောင်း ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် အမိနာမိုဟာမက်က မကူးစက်နိုင်သော ရောဂါများဆိုင်ရာ အဆင့်မြင့်အစည်းအဝေးတွင် ဖတ်ကြားခဲ့သည်။

**ကျန်းမာရေးစနစ်ကို ထိခိုက်စေ**

မကူးစက်နိုင်သော ရောဂါများ၏ ဆိုးကျိုးသည် လူသားတို့၏ ဆင်းရဲဒုက္ခနှင့် သက်တမ်းတိုရသည့် အချက်တွင်သာမက စီးပွားရေးထုတ်လုပ်မှုဆုံးရှုံးခြင်း ကျန်းမာရေးစနစ်ကို ထိခိုက်စေသော မညီမျှမှုကို ပို၍နက်ရှိုင်းစွာဖြစ်ပေါ်စေသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**သေဆုံးသူ ၄၃ သန်းကျော်ရှိ**

နှစ်စဉ်ကမ္ဘာ့နိုင်ငံများတွင် အသက် ၇၀ အောက် လူတစ်ဦးမှာ မကူးစက်နိုင်သည့် ရောဂါကြောင့် သေဆုံးနေရသည်။ လွန်ခဲ့သည့် တစ်နှစ်တည်းတွင်ပင် မကူးစက်နိုင်သည့် ရောဂါကြောင့် သေဆုံးသူ ၄၃ သန်းကျော်ရှိသည်။

**လူပေါင်း တစ်ဘီလီယံကျော်ကို ထိခိုက်**

စိတ်ကျန်းမာရေး ချို့တဲ့မှုသည် တစ်ကမ္ဘာလုံးအနှံ့ လူပေါင်း တစ်ဘီလီယံကျော်ကို ထိခိုက်ခံစားစေသည်။ လူပေါင်း ၂ ဒသမ ၈ ဘီလီယံမှာ ကျန်းမာသည့် စားသောက်မှုပုံစံကို ဝယ်ယူနိုင်စွမ်းမရှိကြောင်း ၎င်းကဆက်လက်ဖော်ပြခဲ့သည်။



မကူးစက်နိုင်သော ရောဂါများနှင့် စိတ်ကျန်းမာရေး အခြေအနေသည် ယနေ့ခေတ်၏ အကြီးမားဆုံး ပြည်သူ့ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး စိန်ခေါ်မှုများထဲမှ တစ်ခုဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ကျန်းမာရေးစောင့်ရှောက်မှု အားကောင်းစေရန်တောင်းဆို**

လူတိုင်း ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ အခြေခံအဖြစ် ပထမအဆင့် ကျန်းမာရေးစောင့်ရှောက်မှုကို အားကောင်းစေရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရပ်စ်က နိုင်ငံများကို တောင်းဆိုခဲ့သည်။

**ဆင်ဟွာ**

## နှစ်ပေါင်း ၅၈ နှစ်အတွင်း ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောသော ပထမဆုံး ဆီးရီးယားခေါင်းဆောင် အရေးယူဒဏ်ခတ်ပိတ်ဆို့မှုအားလုံးကို ဖယ်ရှားပေးရန် တောင်းဆို

**နယူးယောက် စက်တင်ဘာ ၂၆**

ဆီးရီးယား ယာယီသမ္မတ အာမက်အယ်ရှာရာက နိုင်ငံ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ကူညီထောက်ပံ့ပေးနိုင်ရန် ချမှတ်ထားသော အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် တောင်းဆိုလိုက်သည်။ စက်တင်ဘာ ၂၄ ရက်က ကျင်းပပြုလုပ်သော ကုလသမဂ္ဂအထွေထွေညီလာခံတွင်ပြောသော မိန့်ခွန်းတွင် ၎င်းက ထိုသို့ မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

**မိန့်ခွန်းပြောသော ပထမဆုံး ဆီးရီးယားခေါင်းဆောင်ဖြစ်**

ဆီးရီးယားနှင့် အခြားမီဒီယာများက ၎င်းသည် နှစ်ပေါင်း ၅၈ နှစ်အတွင်း ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောသော ပထမဆုံး ဆီးရီးယားခေါင်းဆောင်ဖြစ်သည်ဟု ဖော်ပြခဲ့သည်။

ဆီးရီးယားနိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးကို ပြန်လည်ထူထောင်နိုင်ခဲ့ပြီး ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်များ ထူထောင်ကာ ပိတ်ဆို့အရေးယူမှုအချို့ကို ရုပ်သိမ်းအောင်လုပ်ဆောင်နိုင်ခဲ့သည်ဟု ရှာရာက ပြောကြားခဲ့သည်။

**ပိတ်ဆို့အရေးယူမှုအားလုံးကို အပြည့်အဝရုပ်သိမ်းပေးရန်တောင်းဆို**

ဆီးရီးယားပြည်သူများ ဟန့်တားထိန်းချုပ်ခံရခြင်းမရှိစေရန် ပိတ်ဆို့အရေးယူမှုအားလုံးကို အပြည့်အဝရုပ်သိမ်းပေးရန် ၎င်းက ဆက်လက်တောင်းဆိုခဲ့သည်။

ရှာရာလက်ထက်တွင် ဆီးရီးယားနိုင်ငံသည် နိုင်ငံပြန်လည်တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်။ လွန်ခဲ့သောနှစ် ဒီဇင်ဘာတွင် ဘတ်ရှာအယ်လ်အာဆတ်အစိုးရပြုတ်ကျခဲ့သည်။

အရှေ့အလယ်ပိုင်းနိုင်ငံတစ်နိုင်ငံဖြစ်သော ဆီးရီးယားနိုင်ငံသည် ယခုအချိန်အထိ တည်ငြိမ်မှုမရှိသောအခြေအနေများနှင့် ရင်ဆိုင်နေရသည်။

**အင်န်အိတ်ချ်ကေ**





(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၆ ရက်က ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်မင်းဦးနှင့် ဇနီး ဦးဆောင်၍ ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး စံသူ၊ တပ်ကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြစိုးနှင့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက သံဃာတော်အပါး ၆၀၉ ပါးအား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ လောင်းလှူစဉ်။ တင်စိုးလွင်(ပြန်/ဆက်)

# ဥတ္တရသီရိမြို့နယ်အတွင်း ဆောင်းသီးနှံ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၆**

နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် ဥတ္တရသီရိမြို့နယ်အတွင်း မိုးသီးနှံအပြီး ဆောင်းသီးနှံ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စက်တင်ဘာ ၂၅ ရက်က မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်က မိုးသီးနှံအပြီး ဆောင်းသီးနှံများကို ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ မိုးသီးနှံရိတ်သိမ်းမှုအပေါ် လေလွင့်ဆုံးရှုံးမှု နည်းအောင်ဆောင်ရွက်ရေး၊ ပလပ်မြေမရှိအောင် စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးထွက်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး၊ သဘာဝမြေသြဇာများ ကိုယ်တိုင်ပြုလုပ်အသုံးပြုနိုင်ရေး၊ ဆန်ရေစပါးပေါ်များအောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရေး၊ သီးနှံစိုက်ပျိုးမှု အခက်အခဲများကို ဌာနဆိုင်ရာများ၊ ကုန်သည်ပွဲစားများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနိုင်ရေး၊ ပြည်ပစားသုံးဆီများ လျှော့ချသုံးစွဲနိုင်ရန် ဒေသအတွင်း မြေပဲ၊ နှမ်း၊ နေကြာ စသည့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးနိုင်ရေး ရှင်းလင်းပြောကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် တာဝန်ရှိသူများနှင့်အတူ ဥတ္တရသီရိရပ်ကွက်၊ မန္တလေးလမ်းနှင့် နေပြည်တော်-တပ်ကုန်း အမှတ်(၁) လမ်းဘေးရှိ စက်စက်ယိုချောင်း ရေစီးဆင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေစီး၊ ရေလာ ကောင်းမွန်စေရေး၊ အမှိုက်များ ပိတ်ဆို့မှုမရှိစေရေးနှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ဥတ္တရခရိုင်(ပြန်/ဆက်)



## အမြန်လမ်း (၁၁၅)မိုင် စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ အသိပညာပေး

**ဖြူး စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် အမြန်လမ်း (၁၁၅)မိုင်ရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များအား ပြည်တွင်းအခွန်ဦးစီးဌာန ဖြူးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းပွဲကို ယနေ့နံနက်က အဆိုပါအမြန်လမ်း (၁၁၅)မိုင်ရှိ Denko ခန်းမ၌ ပြုလုပ်သည်။

ရှင်းလင်းပွဲတွင် မြို့နယ်အခွန်ဦးစီးမှူးက စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်ပေးဆောင်ရခြင်းရည်ရွယ်ချက်များ၊ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ရောင်းချခြင်း၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်မှုများနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေး အသိပညာပေးပြောကြားခဲ့သည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး မြေသြဇာအချိုးကျရောစပ်ကြဲပက်ခြင်း တောင်သူအသိပညာပေး

**စဥ့်ကိုင် စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး သဘာဝမြေသြဇာနှင့် ယူရီးယားမြေသြဇာ ရောစပ်ကြဲပက်ခြင်းနှင့် တောင်သူအသိပညာပေး ကွင်းသရုပ်ပြသခြင်းကို စက်တင်ဘာ ၂၄ ရက်က အုပ်ပင်ခြံကျေးရွာရှိ တောင်သူ ဦးရဲလွင်၏ ဆင်းသုခမျိုးစပါး ငါးဧက စိုက်ကွင်းအတွင်း၌ ပြုလုပ်သည်။



အဆိုပါ ကွင်းသရုပ်ပြပွဲတွင် စဥ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသန်းဇော်က တောင်သူများအား သဘာဝမြေသြဇာနှင့် ယူရီးယားမြေသြဇာ ၃:၁ အချိုးကျ ကြဲပက်ခြင်းနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးပြီး ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်မြေအသုံးချရေး တာဝန်ခံ ဒေါ်မို့မို့စိုးက သဘာဝမြေသြဇာနှင့် ယူရီးယားမြေသြဇာ ၃:၁ အချိုးကျရောစပ်ပုံ အဆင့်ဆင့်ကို လက်တွေ့ပြသကာ ရောစပ်ကြဲပက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သဘာဝမြေသြဇာနှင့် ယူရီးယားမြေသြဇာ ၃:၁ အချိုးကျ ရောစပ်ပြီး စပါးစိုက်ခင်းအတွင်း၌ တောင်သူများလက်တွေ့ ကြဲပက်ခြင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၄ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၆**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးလျက်ရှိသည်။



ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများနှင့် ဒုစရိုက်မှုများ လုပ်ဆောင်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၁၁ ဦးနှင့် အိန္ဒိယ နိုင်ငံသား သုံးဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၄ ဦးကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးသည်။

ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာ နိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင် လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၄၂၁ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၂၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ပြီး ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စိုက်မွေးပညာ ပြည်ရွာဖွံ့ဖြိုး

မောင်အောင်

"ကိုအောင်ရေ၊ ဟိုတစ်နေ့က သတင်းစာမှာ တွေ့လိုက်တယ်ကွာ။ စိုက်ပျိုးရေးနဲ့ မွေးမြူရေး တက္ကသိုလ် မအူပင်မှာ ဖွင့်မယ်ဆိုတာ။ အဲဒီကိစ္စ ဖတ်လိုက်ရတော့ ငါတို့အတော်လေး ဝမ်းသာတယ်။ ဒို့နိုင်ငံက စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ အဓိက စီးပွားရေးလုပ်ရတယ်ဆိုပြီး တကယ်တမ်းကျတော့ ဒီပညာတွေသင်ကြားဖို့က ကျောင်းမရှိဘူး။ မင်းတို့ ငါတို့ ငယ်ငယ်တုံးကတော့ ဒို့ကျိုက်လတ်ကျောင်းမှာ စိုက်ပျိုးရေးဆရာ ဦးသန်းရင် ရှိတယ်။ မိုးတွင်းဆို လယ်ကွင်းထဲဆင်း လယ်ထွန်၊ ကောက်စိုက်ရတယ်။ အခုတော့ ကွန်ပျူတာတွေ၊ နည်းပညာတွေ များလွန်းအားကြီးတော့ လယ်ကွင်းထဲ ဘယ်သူမှ မဆင်းဖြစ်ဘူး။"

အစ်ကိုကြီးက ကျွန်တော်နှင့် တွေ့တွေ့ချင်း စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်ဖွင့်လှစ်မည့် သတင်းကို ပြန်ပြောရင်း ကျွန်တော်တို့ ငယ်ငယ်က အကြောင်းတွေ ပြောနေခြင်းဖြစ်သည်။

မှန်ပါသည်။ ၁၉၆၅ ခုနှစ်ဝန်းကျင်က ကျွန်တော်တို့ ကျိုက်လတ်မြို့ အထက်တန်းကျောင်းတွင် အလယ်တန်းပညာ သင်ကြားနေသည်။ မှတ်မှတ်ရရ ခုနစ်တန်းကျောင်းသားဘဝ၊ ကျိုက်လတ်မြို့ အထက်တန်းကျောင်းက မြို့အရှေ့ပိုင်း မြို့စွန်တွင် ရှိသည်။ ကျောင်းဧရိယာကျယ်ဝန်းသည်။ လယ် ၁၀ ဧကခန့်ပင် ရှိမည်ထင်သည်။ ကျောင်းတွင် စိုက်ပျိုးရေးဆရာရှိသည်။ ဆရာ ဦးသန်းရင်။ ကျောင်းများ ပြန်လည်ဖွင့်လှစ်စ၊ မိုးတွင်းချိန်တွင် ကျောင်းလယ်တွေ စပြီးထွန်သည်။ ကျောင်းအုပ်ဆရာကြီးက ဆရာကြီး ဦးစိန်း။ ဆရာကြီးက လူပျိုကြီး။ အသန့်အပြန့်အလွန်ကြိုက်သည်။ ဆရာကြီးနေသော (၇)လမ်းမှ ကျောင်းသို့ စက်ဘီးနှင့် လာလေ့ရှိသည်။ အဲဒီအချိန်က ကျိုက်လတ်မြို့တွင် စက်ဘီးစီးသူပင် ခပ်ရှားရှား။ မော်တော်ကားဆို၍ မီးသတ်ကား၊ စည်ပင်သာယာအမှိုက်ကျုံးကားနှင့် ရဲကား၊ အချုပ်ကားလောက်သာရှိသည်။ မြို့တွင်းတွင် ဆိုက်ကားနှင့်သာ သွားကြရသည်။ ဖျာပုံနှင့် မအူပင်မြို့တို့သို့ ကားလမ်းမပေါက်သေးပါ။ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှ ကားလမ်းများပေါက်ပြီး မြို့ရွာများ စည်ကားလာခြင်းဖြစ်သည်။

ကျွန်တော့် ဆရာကြီးအကြောင်း ပြန်၍ဆက်ပါမည်။ မိုးတွင်းချိန်ကျောင်းလယ်များ စတင်ထွန်ယက်ချိန်တွင် ဆရာကြီး လယ်ထွန်မင်္ဂလာဆင်းသည်။ မျက်မှန်တဝင်းဝင်းနှင့် ခန့်ညားလှသည့် ကျွန်တော်တို့ဆရာကြီး။ လယ်ထွန်မင်္ဂလာဆင်းသည့်ပုံမှာ ရှေးဘုရင်များ လယ်ထွန်မင်္ဂလာဆင်းသည်ကို အမှတ်ရ အောက်မေ့စေပါသည်။



စိုက်ပျိုးရေးသိပ္ပံဒီပလိုမာ သင်တန်းသားများ မျိုးစေ့ချစက်ဖြင့်မျိုးစေ့ချမှု လက်တွေ့ပြသစဉ်။

"ဟေ့ ကိုအောင် ငါပြောနေတယ်လေကွာ။ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် ဖွင့်ဖို့ဖြစ်လာတာက နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်ပဲ မဟုတ်လား၊ ပြောစမ်းပါအုံး။"

အစ်ကိုကြီးက ကျွန်တော့်ပခုံးကိုပုတ်၍ ထပ်ပြောလာမှ အတိတ်ကိုတွေးနေသည့် ကျွန်တော်။ ပစ္စုပ္ပန်ကို ပြန်ပြီးရောက်လာသည်။

"ဟုတ်ပါတယ် အစ်ကိုကြီး။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးတက္ကသိုလ်တွေဖွင့်ဖို့ နိုင်ငံတော်အကြီးအကဲပြောတာက အခုမှမဟုတ်ပါဘူး။ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းကပါ။ ၂၀၂၂ ခုနှစ်တုန်းက ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနမှာ သုတေသနစာတမ်းဖတ်ပွဲလုပ်တယ်။ အဲဒီအခမ်းအနားကို နိုင်ငံတော်အကြီးအကဲလာပြီး တက်တယ်။ နိုင်ငံတော်အကြီးအကဲက ကျွန်တော်တို့နိုင်ငံမှာ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်က တောအရပ်မှာ နေကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုကြကြောင်း၊ ဒီအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့လိုကြောင်း၊ ဒါပေမယ့် နိုင်ငံတော်မှာ စိုက်ပျိုးရေး တက္ကသိုလ်နဲ့ မွေးမြူရေးတက္ကသိုလ်တစ်ခုစီသာ ရှိကြောင်း၊ ဒီအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းတွေ၊ သိပ္ပံကျောင်းတွေ၊ တက္ကသိုလ်တွေ ထပ်ပြီးဖွင့်ဖို့လိုကြောင်း၊ ဒ့ါအပြင်စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ သစ်တောသုတေသနဦးစီးဌာနတွေ ရှိပါလျက်နဲ့ မွေးမြူရေး သုတေသနဦးစီးဌာနဆိုတာ မရှိသေးကြောင်း၊ ဘယ်အလုပ်ပဲလုပ်လုပ် သုတေသနရှိဖို့ လိုအပ်သလို အမြဲတမ်း ဆန်းစစ်သုံးသပ်နေဖို့ လိုအပ်ကြောင်း လမ်းညွှန်မှာကြားသွားခဲ့ပါတယ်။"

"အေး မင်းတို့ကလည်း နိုင်ငံတော်အကြီးအကဲ ပြောမှပဲ သတိရကြတဲ့သဘော ဖြစ်နေပါလား။"

အစ်ကိုကြီးက အားမလို အားမရ ပြောလိုက်ခြင်း ဖြစ်သည်။

"ဟုတ်ပါတယ် အစ်ကိုကြီး။ တကယ်တမ်းတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ၊ အဲဒီကဏ္ဍမှာ တာဝန်ရှိသူတွေ ဆောင်ရွက်ရမယ့် လုပ်ငန်းပါ။ နိုင်ငံတော်အကြီးအကဲရဲ့ အခုလို လမ်းညွှန်ချက်ရတာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့ချက်ချင်း ဖွဲ့စည်းပုံတွေရေးဆွဲ၊ လုပ်ငန်းတာဝန်တွေ သတ်မှတ်ပြီး လိုအပ်တဲ့ငွေကြေး၊ လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်တွေ စုစည်းပြီးတင်လိုက်တာ နိုင်ငံတော်အကြီးအကဲညွှန်ကြားပြီး သုံးလအတွင်းမှာ ငါးလုပ်ငန်းသိပ္ပံကျောင်းကို တွံတေးမှာ ဖွင့်လှစ်နိုင်ခဲ့တယ်။ မွေးမြူရေးသုတေသနဦးစီးဌာနကို ၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ ရေဆင်းမှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီအသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်သင်တန်းကျောင်းနဲ့ ဦးစီးဌာနတွေဟာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက်မှာ ဖွင့်လှစ်တဲ့ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးဖို့အတွက် အရေးကြီးတဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်သင်တန်းကျောင်းနဲ့ ဦးစီးဌာနတွေပါပဲ။

"အခုဆိုရင် ငါးလုပ်ငန်းသင်တန်းကျောင်းက ဒီပလိုမာ သင်တန်းသား သင်တန်းသူတွေဟာ ဒီပလိုမာနောက်ဆုံးနှစ်(တတိယ)နှစ်မှာ ပညာသင်ကြားနေကြပြီး မကြာခင်မှာ မြန်မာနိုင်ငံရဲ့ ရေလုပ်ငန်းကုန်ထုတ်လုပ်ငန်းတွေမှာ အလယ်အလတ်အဆင့် ပညာရှင်များအဖြစ် တာဝန်ထမ်းဆောင်ကြတော့မှာဖြစ်သလို မွေးမြူရေး သုတေသနဦးစီးဌာနကလည်း ကုန်းသတ္တဝါ မွေးမြူရေးနဲ့ ရေသတ္တဝါမွေးမြူရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး တစ်နှစ်ကို သုတေသနလုပ်ငန်း ၃၀ လောက် သုတေသနပြုပြီး စာတမ်းတွေ တင်သွင်းဖတ်ကြားနေပါတယ်။"

ကျွန်တော်က ကျွန်တော်တို့ ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို အားပါးတရ ရှင်းပြရင်း အစ်ကိုကြီး၏ မျက်နှာကို ကြည့်လိုက်မိသည်။

"အေးလေ ထားပါတော့။ ဒီကြားထဲ မင်းတို့ ဆောင်ရွက်ချက်တွေ မဆိုးပါဘူး။ ကျေနပ်လောက်စရာရှိပါတယ်။ ဒါပေမယ့် လူကြီးက လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်ဖွင့်ဖို့ ပြောတာကို မင်းတို့က ဘာတွေ လုပ်နေလို့ ဒီလောက်အချိန်ကြာနေရတာလဲ။"

အစ်ကိုကြီးက တိုင်းပြည်အတွက် စေတနာ ဒေါသောဖြင့်မေးသည်ကို ကျွန်တော်နားလည်ပါသည်။ သို့ဖြစ်၍လည်း ပြီးခဲ့သည့်နှစ်များအတွင်း ကျွန်တော်တို့၏ ဆောင်ရွက်ချက်များကို ရှင်းပြဖြစ်သည်။

"နိုင်ငံတော်မှာ ပညာတတ်တွေရှိဖို့ အရေးကြီးတယ်ဆိုတာကို နိုင်ငံတော်အကြီးအကဲက သဘောပေါက်တယ်။ နားလည်တယ်။ ခံယူတယ်။ ဒါပေမယ့် ကျွန်တော်တို့ နိုင်ငံမှာ အခြေခံပညာမပြီးဆုံးသေးဘဲ တစ်ပိုင်းတစ်စနဲ့ ကျောင်းထွက်လိုက်ကြတာတွေ ရာခိုင်နှုန်း အတော်များများရှိနေတော့ ဒီလူတွေ အသက်မွေးဝမ်းကျောင်းပညာ အထူးသဖြင့် စက်မှုလက်မှု၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးပညာ ရရှိဖို့ကို၊ စက်မှု၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးပညာ အထက်တန်းကျောင်းတွေ အဲဒီ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာရေးနှစ်မှာစတင်ပြီး ဖွင့်လှစ်ခိုင်းတယ်။ အထူးသဖြင့် Grade-9 အောင်ပြီးတဲ့ ကျောင်းသားကျောင်းသူတွေကို ကိုယ့်ဝါသနာအလျောက် Grade-10,11 နဲ့ 12 တွေမှာ စက်မှု၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးပညာ အထက်တန်းကျောင်းတွေမှာ ပညာသင်ယူနိုင်အောင် စီစဉ်ပေးခဲ့တယ်။

"အဲဒီအတွက်ကြောင့် ၂၀၂၃-၂၀၂၄ ခုနှစ်မှာ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း ၅၁ ကျောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ်မှာ ၃၄ ကျောင်းနှင့် အခု ၂၀၂၅-၂၀၂၆ ခုနှစ်မှာ လေးကျောင်း စုစုပေါင်း ၈၉ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။"

"အေး ဖွင့်တာတော့ ဟုတ်ပါပြီ။ မင်းတို့က မြို့ကြီးတွေမှာပဲ ဖွင့်တာလား။ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာရော ဖွင့်နိုင်ရဲ့လား။ နောက်ပြီး မင်းတို့ဖွင့်တဲ့ စက်မှုနဲ့စိုက်မွေးအထက်တန်းကျောင်းတွေမှာတက်တဲ့ ကျောင်းသားရော ရှိရဲ့လား။"

ကျွန်တော့် အစ်ကိုကြီး၏ မေးခွန်းများက စေ့စပ်သေချာလှသည်။

"အစ်ကိုကြီးက တယ်ပြီးစေ့စပ်တယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအားလုံး အနှံ့ဖွင့်ပါတယ် အစ်ကိုကြီးရယ်။ စိုက်ပျိုးမွေးမြူရေးကျောင်းတွေ ကချင်ပြည်နယ်မှာ မိုးညှင်း၊ ဝိုင်းမော်၊ ဗန်းမော်နဲ့ ပူတာအို ဒုတ္တာန်မှာ ဖွင့်တယ်။ ကယားပြည်နယ်မှာ လွိုင်ကော်ခရိုင် အထကချိကယ်မှာ ဖွင့်တယ်။ ကရင်ပြည်နယ်မှာ အထကဒုံရင်းနဲ့ ကော့ကရိတ်။ ချင်းပြည်နယ်မှာ ပလက်ဝနဲ့ ဟားခါး။ စစ်ကိုင်းမှာ အုန်းတော၊ အလုံ၊ ရွှေဘို၊ နန်းယွန်း၊ လဟယ်။ တနင်္သာရီမှာ မြိတ်၊ သမုတ် အထက၊ ထားဝယ်နှင့် ကော့သောင်း။ ပဲခူးမှာညောင်ခြေထောက်၊ ရွှေတောင်၊ အုန်းနှဲနဲ့ အေးမြသာယာ၊ ပဲနွယ်ကုန်းနဲ့ သဲကုန်း။ မကွေးမှာ စကု၊ မြေပြင်သာ၊ ပြလို့နဲ့ သရက်၊ အထက ငွေးချို။ မန္တလေးမှာ ပျော်ဘွယ်၊ မိတ္ထီလာ၊ လက်ပံပျား၊ မြစ်သား၊ ပြည်ကြီးတံခွန်၊ ပလစ(၂)၊ တံတားဦး၊ မြင်းခြံ၊ ပြင်ဦးလွင်နဲ့ စဥ့်ကူး၊ အထက ရွှေပြည်။ မွန်မှာ သထုံနဲ့ရေးက အထက ဟံဂံ၊ ချောင်းဆုံရွာလွတ်နဲ့ ကျိုက်ထို။ ရခိုင်မှာ စစ်တွေ၊ သံတွဲ၊ အမ်း၊ ကျောက်ဖြူ၊ တောင်ကုတ်။ ရန်ကုန်မှာ ဒဂုံမြို့သစ်၊ မှော်ဘီ၊ ညောင်နှစ်ပင်၊ တွံတေးသဝန်းတော၊ အင်းစိန်၊ တိုက်ကြီး၊ မင်္ဂလာဒုံ၊ သုဝဏ္ဏ၊ သာကေတ၊ မြောက်ဥက္ကလာနဲ့ သံလျင်၊ ဖားကူး၊ လှည်းကူး၊ ငါးဆူတောင်။ ရှမ်းပြည်နယ်မှာ အေးသာယာ၊ လားရှိုး၊ ကျောက်မဲ၊ ကျိုင်းတုံ ဝမ်အွယ်နဲ့ ဟိုပုန်း၊ ပေါင်လင်း၊ ကလော၊ ပင်လုံ၊ နမ့်စမ်၊ လင်းခေး၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းယောင်း၊ ဧရာဝတီမှာ ဒေးဒရဲ၊ ကန်ကြီးထောင့်၊ ညောင်တုံး၊ ကျုံပျော်၊ ဟင်္သာတ၊ မြောင်းမြ၊ လပွတ္တာ၊ ကြံခင်း၊ နေပြည်တော်မှာ ပုဗ္ဗသီရိနဲ့ ပျဉ်းမနား၊ လယ်ဝေး အထကဖျံချီနဲ့ ပျဉ်းမနားတို့မှာ ဖွင့်ထားပါတယ်။"

*စာမျက်နှာ ၁၇ သို့*

○ **အခုဆိုရင် ငါးလုပ်ငန်းသင်တန်းကျောင်းက ဒီပလိုမာသင်တန်းသူ သင်တန်းသားတွေဟာ ဒီပလိုမာနောက်ဆုံးနှစ်(တတိယ)နှစ်မှာ ပညာသင်ကြားနေကြပြီး မကြာခင်မှာ မြန်မာနိုင်ငံရဲ့ ရေလုပ်ငန်းကုန်ထုတ်လုပ်ငန်းတွေမှာ အလယ်အလတ်အဆင့် ပညာရှင်များအဖြစ် တာဝန်ထမ်းဆောင်ကြတော့မှာဖြစ်**

○ **နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်အရ စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၅ ကျောင်းစလုံးမှာ မွေးမြူရေးဒီပလိုမာပါ တွဲဖက်ဖွင့်လှစ်သင်ကြားတာကြောင့် စိုက်ပျိုးရေးနဲ့မွေးမြူရေး သိပ္ပံဒီပလိုမာကျောင်း ၁၅ ကျောင်း ရှိသွားပြီ**

## တောင်ငူပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသ



**တောင်ငူ စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ကြီးကြပ်မှုဖြင့် တောင်ငူပြည်သူ့ ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကု ဆရာဝန်ကြီးများ သည် ယမန်နေ့က အုတ်တွင်း မြို့နယ် ကျွဲပွဲတိုက်နယ်ဆေးရုံသို့ ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူ စုစုပေါင်း ၅၃၇ ဦးအား တောင်ငူပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကု ဆရာဝန်များက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြပြီး အဆိုပါကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ရာသို့ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်မင်းထွန်းနှင့်အဖွဲ့၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ပျဉ်းမနားမြို့နယ်အတွင်း ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေး နည်းပညာပေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၆**

ပျဉ်းမနားမြို့နယ်အတွင်း သီးနှံများ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ထွက်ရှိလာသော စိုက်ပျိုးသီးနှံထွက်ကုန်များ ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေး နည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ပေါစံခေါ်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါနည်းပညာပေးဆွေးနွေးပွဲသို့ ဇီးဖြူပင်ကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း သုံးရွာမှ တောင်သူများတက်ရောက်ပြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ခင်ခင်မာလာမြင့် ဦးဆောင်သည့် ပညာပေးအဖွဲ့က တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ မြေဩဇာထည့်သွင်းခြင်း နည်းစနစ်များ ပိုးမွှားရောဂါနှင့် ပေါင်းဘက်စုံ ကာကွယ်နှိမ်နင်းရေး နည်းလမ်းများကို ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရွှေပြည်တော်**

## ချောင်းဆုံမြို့နယ်၌ ခွေးရူးရောဂါ အသိပညာပေး

**ချောင်းဆုံ စက်တင်ဘာ ၂၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ (၁၉)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ခွေးရူးရောဂါ ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ခွေးရူးရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းများကို ယမန်နေ့က ကညော့်ကျေးရွာနှင့် ကညော့် (အထက) ကျောင်းခန်းမတို့၌ ဆောင်ရွက်သည်။



အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာနွဲ့နွဲ့ရီနှင့် ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဦးမင်းယဉ်ထွေးတို့က ခွေးရူးရောဂါ၏ ရောဂါလက္ခဏာများ၊ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်နိုင်ရန် နည်းလမ်းများ၊ ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများကို ဟောပြောခဲ့ကြပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အကြီးတန်းစာရေး ဒေါ်အေးမော်က ခွေးရူး ရောဂါ မဖြစ်ပွားစေရေး ဆောင်ရွက်နေသည့်လုပ်ငန်းများကို အသိပညာ ပေးဟောပြောခြင်းနှင့် ကျေးရွာအတွင်း ခွေးရူးရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

*စာမျက်နှာ ၁၆ မှ*

"မင်းပြောတဲ့အထဲမှာ ဒို့တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေ မပါသေးပါလား"

"ဟုတ်ပါတယ်။ အစ်ကိုကြီးမေးမှ မေးပါ့မလားလို့ ချန်ထားတာ။ ကိုယ့်တိုင်းရင်းသားတွေအတွက် ဘယ်မေ့ပါ့မလဲ အစ်ကိုကြီးရယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် အထကမန်တုံမှာ ဖွင့်ပြီးတော့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် လောက်ကိုင်နဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ပင်းတယအထကကျုံးမှာ ဖွင့်ပေးထားပါတယ်။ လက်ရှိတော့ လုံခြုံရေးအခြေအနေကောင်းတဲ့ကျောင်းတွေအားလုံး ဖွင့်ထားနိုင်ပြီး၊ စိုက်ပျိုးရေး ကျောင်းသား ကျောင်းသူ ၃၃၃၃ ဦးနဲ့ မွေးမြူရေးကျောင်းသား ကျောင်းသူ ၁၉၇၂ ဦး၊ စုစုပေါင်း ၅၁၀၅ ဦး တက်ရောက်နေပါတယ်။"

"အေးကွာ၊ နိုင်ငံတော်ရဲ့ စေတနာကတော့ အဘက်ဘက်က ထောင့်စေ့ပါတယ်။ အဲဒါနဲ့ မင်းတို့ဘာတွေဆက်ပြီး လုပ်နေသေးလဲ။"

"ဟုတ်ကဲ့ အစ်ကိုကြီး။ လက်ရှိ ကျွန်တော်တို့နိုင်ငံမှာ ရန်ကုန်တိုင်းဒေသကြီးကလွဲရင်၊ ပြည်နယ်နဲ့ တိုင်းဒေသကြီး ၁၄ ခုမှာ စိုက်ပျိုးရေးဒီပလိုမာကျောင်း ၁၅ ကျောင်း ဖွင့်လှစ်ထားပါတယ်။ စိုက်ပျိုးရေး ဒီပလိုမာဆင်းတွေကလည်း အလယ်အလတ်အဆင့် ပညာရှင်တွေဖြစ်တာကြောင့် စိုက်ပျိုးရေးကဏ္ဍအတွက် အတော်လေးအားထားရပါတယ်။ မူလတုန်းက စိုက်ပျိုးရေးသိပ္ပံကျောင်းတွေမှာ ခြောက်ကျောင်းပဲ မွေးမြူရေးဒီပလိုမာတွဲ့ပါ အပ်နှင်းခဲ့ပါတယ်။ အခုတော့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်အရ စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၅ ကျောင်းစလုံးမှာ မွေးမြူရေးဒီပလိုမာပါ တွဲဖက်ဖွင့်လှစ်သင်ကြားတာကြောင့် စိုက်ပျိုးရေးနဲ့ မွေးမြူရေး သိပ္ပံဒီပလိုမာကျောင်း ၁၅ ကျောင်း ရှိသွားပြီဖြစ်ပါတယ်။"

"အေးကွာ။ ဒီသင်တန်းတွေကတော့ ဒို့နိုင်ငံရဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရုံသာမက ဒို့လူငယ်တွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းပါ ရရှိစေတာကြောင့် အတော်လေးတန်ဖိုးရှိတဲ့သင်တန်းတွေပါပဲ။ ဒါပေမယ့် အဲဒီစိုက်ပျိုးမွေးမြူရေးအထက်တန်း Grade-12 အောင်တဲ့ကလေးတွေက အောင်ပြီးတော့ ဘာဆက်တက်ရမှာလဲ၊ သူတို့ပညာရေးက အဲဒါနဲ့ ပြီးသွားမှာလား။"



ငါးလုပ်ငန်းသိပ္ပံ(တွံတေး)မှ သင်တန်းသား သင်တန်းသူများ ငါးသုတေသန လက်တွေ့ဆောင်ရွက်ကြစဉ်။

"အစ်ကိုကြီးမေးတဲ့ မေးခွန်းက တကယ်မေးသင့်တဲ့ မေးခွန်းပါ။ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းတွေက Grade-12 အောင်တဲ့ကလေးတွေဟာ စိုက်ပျိုးမွေးမြူရေး ဒီပလိုမာသိပ္ပံကျောင်းတွေကို ဆက်ပြီးတက်လို့ရပါတယ်။ အဲဒီထဲက အထူးအောင်ပြီး အရည်အချင်းပြည့်ဝတဲ့ကလေးတွေက စိုက်ပျိုးရေးတက္ကသိုလ်တို့၊ မွေးမြူရေးတက္ကသိုလ်တို့ရဲ့ ဝင်ခွင့်စာမေးပွဲဝင်ရောက်ဖြေဆိုပြီး အောင်မြင်ရင် အဲဒီတက္ကသိုလ်တွေ တက်ခွင့်ရမှာဖြစ်ပါတယ်။"

"အေးကွာ။ နိုင်ငံတော်ရဲ့ စီစဉ်ဖန်တီးမှုကတော့ ဒို့လူငယ်တွေ ကြိုးစားရင် ကြိုးစားသလောက် အခွင့်အလမ်းရှိအောင် ဆောင်ရွက်ပေးထားတာပဲ။ အဲဒါနဲ့ အဲဒီစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းတက်တဲ့ကလေးတွေ၊ ဒီပလိုမာတက်တဲ့ကလေးတွေအတွက် နိုင်ငံတော်က ထောက်ပံ့ပေးတာရော ရှိလား။ သင်တန်းတွေဖွင့်တာတော့ ဟုတ်ပါပြီ။ ထောက်ပံ့ပေးရင်တော့ ပိုပြီးကောင်းတာပေါ့ကွာ။"

အစ်ကိုကြီးက ပညာသင်ကြားကြရသည့် ကလေးများအတွက် တွေးတွေးဆဆ မေးလာခြင်းဖြစ်ပါသည်။

"ရှိပါတယ် အစ်ကိုကြီး။ အဲဒီစက်မှု၊ စိုက်မွေး အထက်တန်းကျောင်းတက်ကြတဲ့ ကလေးတွေအတွက် အခြေခံပညာအထက်တန်းကျောင်းတက်ကြတဲ့ ကလေးတွေလိုပဲ နိုင်ငံတော်က ကျောင်းအပ်စရိတ်၊ ကျောင်းလခအခမဲ့ ဖြစ်တဲ့အပြင် သင့်တင့်တဲ့ စာအုပ်စာတမ်းလည်း ထောက်ပံ့ပေးပါတယ်။ အစ်ကိုကြီးမေးမှာသိလို့ တစ်ဆက်တည်းပြောရရင်တော့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းဒီပလိုမာသင်တန်းတက်ကြတဲ့ ကလေးတွေကိုတော့ နိုင်ငံတော်ကတစ်ဦးကို တစ်လ ငွေကျပ်သုံးသောင်း စားစရိတ်အနေနဲ့ ထောက်ပံ့ပါတယ်။ ငွေကြေးနဲ့တွက်ရင်တော့ သိပ်ပြီးမနည်းလှဘူး ဆိုရပေမယ့် သင်တန်းတက်သူတွေအတွက်တော့ တစ်စုံတစ်ခုအထောက်အပံ့ဖြစ်စေပါတယ်။"

"အေးကွာ ကြားရတာတော့ အားရစရာပဲဟေ့။ အဲဒီ စိုက်မွေးအထက်တန်းကျောင်းတို့၊ သိပ္ပံတို့မှာ ထောက်ပံ့တာတော့ ဟုတ်ပါပြီ။ တက္ကသိုလ်တက်တဲ့လူကိုရော နိုင်ငံတော်က ထောက်ပံ့တာမရှိဘူးလား။ တက္ကသိုလ်တက်ရတာက ပိုပြီးပိုက်ဆံကုန်တယ်လေ။ ပိုပြီးထောက်ပံ့ဖို့ လိုအပ်တာပေါ့။"

အစ်ကိုကြီး သည်တစ်ခါတော့ ပိုင်ပြီအထင်ဖြင့် အကြံပြုမေးလာခြင်းဖြစ်သည်။

"အစ်ကိုကြီးကလည်း တွေးတွေးဆဆ မေးတတ်တယ်။ အစ်ကိုကြီးမေးသမျှ အကြံပြုသမျှလည်း နိုင်ငံတော်အကြီးအကဲက လုပ်ပေးပြီးပြီ အစ်ကိုကြီးရ။"

"ဟေ ဟုတ်လား။ ပြောစမ်းပါအုံး။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးတက္ကသိုလ်တက်တဲ့ ကလေးတွေအတွက် နိုင်ငံတော်က ဘယ်လိုထောက်ပံ့မှာလဲ။"

"ပြီးခဲ့တဲ့ သုံးလလောက်ကပဲ နိုင်ငံတော်အကြီးအကဲက ကျွန်တော်တို့ဝန်ကြီးဌာနကို တွက်ခိုင်းတယ်။ အခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ကစပြီး စိုက်ပျိုးရေးတက္ကသိုလ်နဲ့ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပထမနှစ်ကစပြီး တက်မယ့်ကလေးတွေအတွက် စိုက်ပျိုးရေးတက္ကသိုလ်က ၁၅၀၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်က ၁၀၀။ အဲဒီ ၁၀၀ မှာ ဆေးပညာအထူးပြုတက်တဲ့လူ ၂၀ နဲ့ မွေးမြူရေးအထူးပြုတက်တဲ့လူ ၈၀။ တက္ကသိုလ်နှစ်ခုပေါင်း ၂၅၀ ကို ကျောင်းသား ကျောင်းသူတစ်ယောက်ကို တစ်လငွေကျပ်တစ်သိန်းခွဲ ထောက်ပံ့ပေးမှာ။ အဲဒီငွေကျပ်တစ်သိန်းခွဲက စားသောက်စရိတ်၊ ကျောင်းလခ၊ အဆောင်ကြေး၊ စာအုပ်ဖိုးနဲ့ မုန့်ဖိုးတောင်ပါတယ်။ ဒါလည်း ကျွန်တော်တို့ဝန်ကြီးဌာနက တွက်ပေးတာပါ။"

"အေးကွာ ကောင်းလိုက်တဲ့အစီအစဉ်ပဲ။ အဲဒါနဲ့ ဒီနှစ် နိုဝင်ဘာမှာ မအူပင်မှာဖွင့်မယ့် စိုက်ပျိုးရေးနဲ့ မွေးမြူရေးတက္ကသိုလ် ပထမနှစ်တက်ကြမယ့် ကလေးတွေအတွက်ရော ပါသလား။ အဲဒါအခြေအနေကရော ဘယ်လိုလဲ"

"ပါတာပေါ့ အစ်ကိုကြီးရယ်။ အဲဒီမအူပင်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်မှာ တက်ကြမယ့် ပထမနှစ် စိုက်ပျိုးရေးအတွက်က ၁၅၀၊ မွေးမြူရေးက ၁၀၀ လည်း အဲဒီလိုပဲ၊ ကျောင်းသားတစ်ယောက် တစ်လတစ်သိန်းခွဲ ထောက်ပံ့ပေးဖို့ ညွှန်ကြားချက်တွေ ရရှိပြီးပါပြီ။"

ကျွန်တော်၏စကားကြောင့် အစ်ကိုကြီး၏ မျက်နှာ ဝင်းပသွားသည်။

"အေးကွာ။ ဒို့ပြည်သူတွေလိုချင်တာက ဘာပါတီ၊ ဘာပေါ်လစီမှ မဟုတ်ဘူး။ ပြည်သူ့အကျိုးကို အမြဲကြည့်ပြီး ပြည်သူရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးတဲ့အစိုးရ၊ ပြည်သူ့မျက်နှာကို အမြဲကြည့်ပေးတဲ့အစိုးရ။ အဲဒီအစိုးရမျိုးပဲ လိုချင်တာ။ "

အစ်ကိုကြီး၏စကားက တက္ကသိုလ်ပညာရေးမှ တိုင်းပြည်အုပ်ချုပ်ရေးသို့ ရောက်သွားသဖြင့် အစ်ကိုကြီး၏မျက်နှာကို ကျွန်တော်ငေး၍ ကြည့်နေမိပါသည်။ ။

UN Tourism

၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့

"ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ် ဖော်ဆောင်စို့"

WORLD TOURISM DAY 2025 | TOURISM AND SUSTAINABLE TRANSFORMATION

၂၇ - ၉ - ၂၀၂၅ နေပြည်တော်



## (၅၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း ပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၆**

၂၀၂၅ ခုနှစ် (၅၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော အသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် (၅၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဖြင့် စက်တင်ဘာ ၁၅ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၆**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၌ ပြုလုပ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၆၀ တို့က စုပေါင်းသွေးလှူဒါန်းကြသည်။



ဦးစွာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား သွေးပေါင်ချိန်စစ်ဆေးခြင်းနှင့် လိုအပ်သည့် စစ်ဆေးမှုများခံယူကြပြီး သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းမှုများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သွေးအလှူရှင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား အင်အားဖြည့် စားသောက်ဖွယ်ရာများနှင့် အားဆေးများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ချိန်ခါမရွေးသတိပေး**
**မီးဘေးသတိပြု**



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Fara Myanmar EV Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ3X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ သတင်းမီဒီယာသင်တန်း အမှတ်စဉ်(၄)ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမီဒီယာဖွံ့ဖြိုးရေးကော်မတီ အစီအစဉ်ဖြင့် မီဒီယာသင်တန်း အမှတ်စဉ်(၄) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အမှတ် ၃၉၂-၃၉၆၊ ကုန်သည်လမ်း ဗိုလ်တထောင်မြို့နယ် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ဒုတိယဥက္ကဋ္ဌ(၂)နှင့် အလုပ်အမှုဆောင်များ၊ ကောင်စီဝင်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။



သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး သင်တန်းမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂၄ ရက်အထိ သောကြာနေ့တိုင်း ဖွင့်လှစ်ပြီး သတင်းသမားများအတွက် မီဒီယာကျင့်ဝတ်နှင့် တာဝန်ဘာသာရပ်ကို ဝါရင့်သတင်းစာ ဆရာကြီးများကလည်းကောင်း၊ ဓာတ်ပုံပညာ၊ ဗီဒီယိုတည်းဖြတ်ခြင်း ပညာ၊ ကာတွန်း ရေးဆွဲခြင်းနှင့် တည်းဖြတ်ခြင်း ပညာများကို လုပ်ငန်းအတွေ့အကြုံ ရင့်ကျက်သည့် ပညာရှင်များကလည်းကောင်း သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## အလုပ်ခွင်ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်ထုတ်ပေး

**မန္တလေး စက်တင်ဘာ ၂၆**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးတာဝန်ခံအရာရှိက အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျိုးဝင်မှတ်ပုံတင်ထားသော မြန်မာနိုင်ငံသားများဘဏ် (မန္တလေးဘဏ်ခွဲ-၆)မှ အာမခံအလုပ်သမားဖြစ်သူ ဒေါ်ဖြူရှင်းသန့်သည် ၂၈-၃-၂၀၂၅ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြောင့် အလုပ်ခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့်အတွက် ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၉၀၀၀၀၀၀ ကို သေဆုံးသူ၏ မိခင်ဖြစ်သူ ဒေါ်နုနုလှိုင်ထံသို့ ရုံးခွဲတာဝန်ခံ၊ နယ်မြေတာဝန်ခံ၊ အလုပ်ဌာန တာဝန်ရှိသူများ ရှေ့မှောက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**





သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်စေရန် ခရိုင်နှင့်မြို့နယ်များရှိ မီးသတ်ဦးစီးဌာနရုံးများ၌ အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးအဖွဲ့များကို လူ/ယာဉ်/စက်ယန္တရားများဖြင့် အရန်သင့် စုဖွဲ့ထားရှိရာ မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး(စကု)၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲ၊ စေတုတ္တရာ မြို့နယ်များတွင် တစ်မြို့နယ်လျှင် တပ်စုတစ်စု ၃၅ ဦးနှုန်းဖြင့် တပ်စုပေါင်း ငါးစု တပ်ဖွဲ့ဝင် စုစုပေါင်း ၁၇၅ ဦးဖြင့် အရန်သင့်ဖွဲ့စည်းထားရှိစဉ်။

မောင်မောင်(မင်းဘူး)

# ရန်ကုန်စီးပွားရေးတက္ကသိုလ်

## (၆၀)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်လွှာခေါ်ယူခြင်း ကြေညာချက်

(၂၀၂၄-၂၀၂၅) ပညာသင်နှစ်အတွက် သက်ဆိုင်ရာ စာမေးပွဲတွင် အောင်မြင်ခဲ့ပြီးသော စတုတ္ထနှစ်၊ တတိယနှစ်ဂုဏ်ထူးတန်း၊ ဒီပလိုမာ၊ မဟာတန်းသင်တန်းအသီးသီးနှင့် ၂၀၂၄ခုနှစ် နိုဝင်ဘာလတွင် ဖြေဆိုအောင်မြင်ခဲ့ပြီးသော အဝေးသင်သင်တန်း စတုတ္ထနှစ်(စီးပွားရေးပညာ/ စီးပွားစီမံပညာ)တို့၏ကျောင်းသား၊ ကျောင်းသူများအား ဘွဲ့အပ်နှင်းချီးမြှင့်ရန် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်-

**ကျင်းပမည့်နေ့ရက်** ။ ။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၃)ရက် (စနေနေ့)
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၄)ရက် (တနင်္ဂနွေနေ့)

**ကျင်းပမည့်နေရာ** ။ ။ ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်နယ်မြေ

**ပထမနေ့ (၁၃-၁၂-၂၀၂၅)ရက် (စနေနေ့) နံနက်ပိုင်း အစီအစဉ် (နံနက်-၈:၃၀)နာရီ**

| စဉ် | ဘွဲ့အမည် | |
|---|---|---|
| ၁။ | မဟာစီးပွားရေးပညာဘွဲ့(ဘောဂဗေဒ) | MEcon(Economics) |
| ၂။ | မဟာစီးပွားရေးပညာဘွဲ့(စာရင်းအင်း) | MEcon(Statistics) |
| ၃။ | လူဦးရေပညာမဟာဘွဲ့ | MPS |
| ၄။ | ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့ | MPA |
| ၅။ | ဖွံ့ဖြိုးရေးပညာမဟာဘွဲ့ | MDevS |
| ၆။ | အသုံးချစာရင်းအင်းပညာမဟာဘွဲ့ | MAS |
| ၇။ | သုတေသနပညာဘွဲ့လွန်ဒီပလိုမာ | PGDRS |
| ၈။ | စီးပွားရေးပညာဂုဏ်ထူးဘွဲ့(စာရင်းအင်း) | BEcon(Statistics)(Hons:) |
| ၉။ | စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ) | BEcon(Economics) |
| ၁၀။ | စီးပွားရေးပညာဘွဲ့(စာရင်းအင်း) | BEcon(Statistics) |
| ၁၁။ | ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့ | BPA |
| ၁၂။ | လူဦးရေပညာဘွဲ့ | BPS |
| ၁၃။ | ဖွံ့ဖြိုးရေးပညာဘွဲ့ | BDevS |

**ပထမနေ့ (၁၃-၁၂-၂၀၂၅)ရက် (စနေနေ့) ညနေပိုင်း အစီအစဉ် (မွန်းလွဲ-၂:၀၀)နာရီ**

| စဉ် | အမည် | |
|---|---|---|
| ၁။ | မဟာဝါဏိဇ္ဇဘွဲ့ | MCom |
| ၂။ | ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေးပညာမဟာဘွဲ့ | MBF |
| ၃။ | ဈေးကွက်စီမံခန့်ခွဲမှုပညာမဟာဘွဲ့ | MMM |
| ၄။ | ဧည့်ဝတ်နှင့်ခရီးသွားလာရေးစီမံခန့်ခွဲမှုမဟာဘွဲ့ | MHTM |
| ၅။ | ဈေးကွက်ဆိုင်ရာစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ | PGDMM |
| ၆။ | ဘဏ်လုပ်ငန်းဒီပလိုမာဘွဲ့ | DB |
| ၇။ | ဝါဏိဇ္ဇဂုဏ်ထူးဘွဲ့ | BCom(Hons:) |
| ၈။ | ဝါဏိဇ္ဇဘွဲ့ | BCom |
| ၉။ | စာရင်းကိုင်ပညာဘွဲ့ | BAct |

**ဒုတိယနေ့ (၁၄-၁၂-၂၀၂၅)ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်း အစီအစဉ် (နံနက်-၈:၃၀)နာရီ**

| စဉ် | အမည် | |
|---|---|---|
| ၁။ | စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ | MBA |
| ၂။ | လူမှုစီးပွားတည်တံ့ရေးတီထွင်ဖန်တီးမှုပညာမဟာဘွဲ့ | MSESI |
| ၃။ | အာမခံလုပ်ငန်းဆိုင်ရာမဟာဘွဲ့ | MI |
| ၄။ | စီမံအုပ်ချုပ်မှုပညာ ဘွဲ့လွန်ဒီပလိုမာ | PGDMA |
| ၅။ | လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ | PGDHRM |
| ၆။ | စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့ | BBA |
| ၇။ | စီးပွားရေးလုပ်ငန်းသုံးစီမံခန့်ခွဲမှုပညာဘွဲ့ | BBM |
| ၈။ | ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာ စီမံခန့်ခွဲမှုပညာဘွဲ့ | BTHM |

**ဒုတိယနေ့ (၁၄-၁၂-၂၀၂၅)ရက် (တနင်္ဂနွေနေ့) ညနေပိုင်းအစီအစဉ် (မွန်းလွဲ-၂:၀၀)နာရီ**

| စဉ် | အမည် | |
|---|---|---|
| ၁။ | ဝိဇ္ဇာဘွဲ့ (စီးပွားရေးပညာ) | BA (Economics) |
| ၂။ | ဝိဇ္ဇာဘွဲ့ (စီးပွား စီမံပညာ) | BA (Business Management) |

**ဘွဲ့နှင်းသဘင်ကြေး**

| | | |
|---|---|---|
| တက်ရောက်ဘွဲ့နှင်းသဘင်ကြေး | - | ၁၅၀၀၀/ (ကျပ်တစ်သောင်းငါးထောင်ကျပ်တိတိ) |
| အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး | - | ၁၀၀၀၀/ (ကျပ်တစ်သောင်းကျပ်တိတိ) |
| **အစမ်းလေ့ကျင့်မည့် ရက်/နေ့** | - | **၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ( ၁၂ )ရက် (သောကြာနေ့)** |
| **အစမ်းလေ့ကျင့်မည့် အချိန်** | - | **နံနက် (၈:၃၀)နာရီ(၁၃-၁၂-၂၀၂၅ရက်နေ့ ဘွဲ့ယူမည့်သူများ)** |
| | - | **မွန်းလွဲ(၂:၀၀)နာရီ (၁၄-၁၂-၂၀၂၅ရက်နေ့ ဘွဲ့ယူမည့်သူများ)** |
| **လျှောက်လွှာစတင်လက်ခံမည့်ရက်** | - | **၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ( ၁ )ရက် (ဗုဒ္ဓဟူးနေ့)** |
| **လျှောက်လွှာပိတ်မည့်ရက်** | - | **၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ( ၃၁ )ရက် (သောကြာနေ့)** |

**မှတ်ချက်။** **(၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။**

(၂) နှစ်ဟောင်းများမှဘွဲ့/ ဒီပလိုမာ/ မဟာတန်း ဘွဲ့အမျိုးမျိုးအောင်မြင်သူများသည် **အဝေးရောက်ဘွဲ့သာ** လျှောက်ထားရမည်။

(၃) သုံးလအတွင်း (အမျိုးသားဝတ်စုံ(တိုက်ပုံ၊ ကော်လာကတုံး))၊ (အမျိုးသမီးဝတ်စုံ (ရင်ဖုံးအင်္ကျီ)) ဖြင့်ရိုက်ကူးထားသော(၂" x ၁ $\frac{၁}{၂}$ ")ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် လျှောက်ထားရမည်။

(၄) အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် ယဉ်ကျေးမှုအစဉ်အလာနှင့်ကိုက်ညီသည့် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ (အမျိုးသား) အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ရပါမည်။

(၅) အသေးစိတ်အချက်အလက်များကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်)တွင် လာရောက်စုံစမ်းနိုင်ပါသည်။

(၆) ဘွဲ့လျှောက်ထားရာတွင် ကျောင်းသား/သူများကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) ဧည့်နိုင်ငံသားလက်မှတ်(သို့မဟုတ်) နိုင်ငံသားပြုလက်မှတ်မူရင်းတင်ပြ၍ လျှောက်ထားရပါမည်။

**ဌာနမှူး-သင်တန်းရေးရာ**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ မင်းပျိုးအိမ်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ Grade-12 (Eco) တန်းမှ မောင်စိုင်းအောင်ပြည့်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ပိုလဒ် ၅/ဟမလ(နိုင်) ၀၅၆၉၃၄ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

YADANAR KYAW Co.Ltd အမည်ဖြင့် MITSUBISHI CANTER မော်တော်ယာဉ်၏ အကောက်ခွန်ဦးစီးဌာနမှ ID-911332(12-03-2015), C.S ယာဉ် ဓာတ်ပုံမူရင်း စာရွက်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၇၉၉၉၉၁၅၂၂**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးအောင်ချမ်းငြိမ်း ၅/တမန(နိုင်)၀၄၉၇၂၆ ၏ ပတ်စ်ပို့ (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၉၆၀၇၂၄၈**

## မိခင်အမည်မှန်

ဟုမ္မလင်းမြို့ အ.ထ.က (၁) ကျောင်းမှ မောင်ဒင်းခန်ဆေး - G.12(E) ၏ မိခင်အမည်မှန်မှာ ဒေါ်နိမ်ခိုလင် ၅/လရန(နိုင်)၀၀၈၁၂၉ ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးမျိုးကိုလှိုင်(၁၁/မဥန(နိုင်)၀၆၀၇၈၇)၏သမီး မကွေးမြို့နယ်၊ အ-မ-က (အင်းပု) Grade-3 မှ မယမင်းသွယ်၏ အမည်မှန်မှာ မယမင်းလွင် ဖြစ်ပါကြောင်း။

**မယမင်းလွင်**

## အမည်မှန်

ဦးစည်သူထွန်း (၈/မကန(နိုင်)၂၁၃၉၆၅)၏သမီး မကွေးမြို့နယ်၊ အ-ထ-က (ခွဲ) ရွာဟောင်းကန်၊ Grade-9 မှ မတင်ဇာလှိုင်၏ အမည်မှန်မှာ မသဥ္ဇာလှိုင် ဖြစ်ပါကြောင်း။

**မသဥ္ဇာလှိုင်**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်သက်သက်ဝင်း (ဘ) ဦးစိန်နွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်-

ဒေါ်သက်သက်ဝင်း(ဘ)ဦးစိန်နွဲ့ (၇/ရတန(နိုင်)၀၇၃၂၃၄)နှင့် ခင်ပွန်းဖြစ်သူ ဦးဝင်းဌေး (ဘ) ဦးဝင်းမောင် (၇/ပသက(နိုင်)၀၈၀၅၃၃)တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းမြို့ ဟောင်း(၁)ရပ်ကွက် (၃)လမ်း၊ တိုက်နံပါတ်(၉၀)တွင် နေထိုင်လျက်ရှိပြီး ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းဌေး၊ ဒေါ်သက်သက်ဝင်းတို့နှင့်ပတ်သက်၍ ဂုဏ်သတင်းထိပါး စေသည့် အရေးအသားများ အပြောအဆိုများ မမှန်မကန်ဝေဖန်ပြောဆိုခြင်းများအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တစ်နည်းနည်းဖြင့် ရေးသားခြင်း၊ ပြောဆိုခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်း အရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်သက်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချစ်စုလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ် - ၁၈၈၆၈ (၂၂-၁၂-၂၀၂၃)**
**(၄/၁၁)လမ်းခေတ္တရာရပ်ကွက်၊ ပြည်မြို့၊**
**ဖုန်း-၀၉-၂၆၃၀၉၆၄၂၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င/၁၃)၊ မြေကွက်အမှတ်(၆၃)၊ မြတ်လေး (၂)လမ်း၊ (၄)ရပ်ကွက်ဟု ခေါ်တွင်သော အကျယ်အဝန်း(၆၀x၆၀)ပေ အကျယ်ရှိ ဦးမြင့်အောင် (၁၂/လကန(နိုင်)၀၁၉၁၃၉) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်ခြံမြေအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ရောင်းချပိုင်ခွင့်ရှိသော ဦးအောင်သန်း(၁၂/အစန(နိုင်) ၁၈၄၅၁၉)မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသည့်ပစ္စည်း၏ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်ဟေမာသက်** | **ဒေါ်ဇင်မာလွင် (LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၈၀)** |
| | **ဖုန်း-၀၉-၇၉၁၇၉၆၂၈၇** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ အောင်မြင့်မိုရိလမ်း၊ မြေကွက်အမှတ်(၁၄၅၀)ဟု ခေါ်တွင်သော အကျယ်အဝန်း(ပေ၄၀x၆၀ပေ)ရှိသည့် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတွင် ဒေါ်သိန်းသိန်း ညွှန့်(၁၂/လမန(နိုင်)၁၁၄၇၇၃)သည် အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားခဲ့ပြီး၊ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုကာ ရောင်းချရန် အဆိုပြု ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမင်းကျော်(၁၄/ဘကလ(နိုင်)၂၁၆၄၀၅)၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သဥ္ဇာဝင်း (LL.B, D.B.L)** | **ဒေါ်ခင်မြတ်နိုင်(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ် - ၄၆၃၅၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၉၆၇ )** |

**အမှတ်(စီ/၅)၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၆၅၉၂၄၄၊ ၀၉-၉၅၅၆၂၉၁၂၇ ၊ ၀၉-၉၅၉၀၀၄၉၈၈။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄/ပေဖူးရပ်)၊ ဦးပိုင်အမှတ်(၅၂)၊ မြေဧရိယာ(၀.၃၅၁)ဧကရှိ အစိုးရမြို့မြေကွက်အား ဦးညီဝမ်း(ဘ)ဦးအောင်ကြည် ၉/လဝန(နိုင်)၁၂၄၄၀၈မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်းများတင်ပြ၍ အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့နယ်၊ ပြည်ဝင်အုပ်စု၊ ချားယားကုန်းကျေးရွာရှိ အရှေ့လားသော် ဦးစိန်လှိုင်၊ အနောက်လားသော် -ဒေါ်ခင်ခင်၊ တောင်လားသော် -လမ်း၊ မြောက်လားသော် -စုစုမွန်နေအိမ် စသည့်အလားလေးရပ်အတွင်းရှိ (ရှေ့နောက်(၆၅)ပေ၊ တောင်မြောက်(၈၅)ပေ) ကျယ်ဝန်းသော အမွေရှင် ဦးပသီ-ဒေါ်အေးတင်တို့၏ အမွေကျန်အိမ်ဝိုင်းအား ၎င်းတို့၏ အမွေဆိုင်များထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သည်။ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးသိန်းတန်(၉/လဝန(နိုင်)၀၅၂၆၆၂)၊ ဇောင်ချမ်းကုန်းရွာ၊ ပြည်ဝင်အုပ်စု၊ လယ်ဝေးမြို့နယ်၊ ဖုန်း-၀၉-၇၆၅၀၄၉၅၁၉**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့၊ မောင်းဒီးကျေးရွာအုပ်စု၊ မောင်းဒီးကျေးရွာနေ ဦးမိုးကတ်(ခ) မန်းနိုင်ဦး ၁၄/မမန(နိုင်)၀၅၄၃၁၀နှင့် ဇနီးဖြစ်သူ ဒေါ်ကျင်မြင့် ၁၄/မမန(နိုင်)၁၅၀၉၁၁ တို့က အောက်ပါအတိုင်းကြေညာအပ်ပါသည်-

သားဖြစ်သူ ဦးအောင်ကောင်းမြတ်(ခ)ဦးရန်လင်းကို ၁၄/မမန(နိုင်)၂၁၂၃၅၄ သည် အသက်အရွယ်ကြီးရင့်နေသော မိဘများအပေါ် ကိုယ်စိတ်နှစ်ပါး ဆင်းရဲစေရန် နည်းမျိုးစုံဖြင့် ပြုမူဆောင်ရွက်ဆက်ဆံနေမှုများကြောင့် သည်းခံနိုင်မှုမရှိတော့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်အကြောင်း ကိစ္စရပ်များကိုမဆို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးမိုးကတ်(ခ)မန်းနိုင်ဦး** | **ဒေါ်ကျင်မြ** |
| **၁၄/မမန(နိုင်)၀၅၄၃၁၀** | **၁၄/မမန(နိုင်)၁၅၀၉၁၁** |

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 77W/99575, Honda Wave -100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်စိုး ၇/အဖန(နိုင်)၁၂၉၇၃၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/35613, Honda Wave -110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးထိုက် ၁၄/ညတန (နိုင်) ၁၁၂၆၂၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**(မအူပင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/81774, Honda Wave- 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေလွင်ဦး ၁၄/ကကထ(နိုင်) ၁၇၅၃၁၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/16052 Honda Scoopyi- 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမင်းထိုက် ၈/ရစက (နိုင်)၁၆၁၄၄၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/26232, Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းထိုက် ၉/ခမစ(နိုင်) ၀၄၉၆၅၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 79W/38162 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်း ၉/မသန(နိုင်)၁၀၄၀၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ကျောက်ဆည်) သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/88251 Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်း ၁၄/သပန(နိုင်)၀၆၄၆၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၇၀၉၁၈ NTORQ-125 ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်သူထွန်း ၅/မကန(နိုင်) ၀၇၀၉၅၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
ကလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၂၈၉၅၈ ယာဉ်လက်ဝယ်ရှိသူ ဦးချစ်မင်းကိုကို ၁၀/မလမ(နိုင်)၁၉၅၄၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ၅-လမ်း(စီ)ဘလောက်၊ တိုက်(၃၂)၊ အခန်း(၃၀၂)ဟု ခေါ်တွင်သော (၄)လွှာတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အဆက်အစပ်အရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးသင်း ၁၂/ရပသ(နိုင်)၀၃၄၈၆၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ရဲသူ ၁၁/ဘသတ(နိုင်)၀၂၁၉၅၆ က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းနိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၃၁)**
**အခန်း(၂၀၄)၊ တိုက်(၂)၊ ၁၄-လမ်း (အေ)၊**
**ယုဇနဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉- ၄၂၀၁၃၀၇၇၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ပန်းဆိုးတန်းလမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းထောင့်ရှိ မြေတိုင်းရပ်ကွက်အမှတ်(12-E)၊ မြေကွက်အမှတ် (II-113) နှင့် 130/A + II-113 နှင့် 130/A2 ဧရိယာ ၁ ဒသမ ၃၅၄ဧကရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားရှိသော Gonyi Residence Basement + (၁၅) ထပ် အဆောက်အအုံ Tower (C) ၏ (8)ထပ်တွင် တည်ရှိသောအခန်းအမှတ် (C-802)ကွန်ဒိုတိုက်ခန်းကို ဒေါ်တင်မြ ၁၃/ကတတ(နိုင်)၁၁၇၇၅၉ + ဒေါ်မြသဲဝင့် ၁၂/တကန(နိုင်)၁၃၈၆၉၇ မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သော ပစ္စည်းဖြစ်ပါသည်။ အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းကို ဦးကျော်ဝင်းထွေးက ၁/မကန(နိုင်)၁၈၂၈၁၆ အား ရောင်းချရန် ကမ်းလှမ်းရာ သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၀၊ ၃/ခ၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၉၆၄၄၇၁၇၉၂၊ ၀၉-၄၄၅၇၄၉၀၉၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်၊ ကွင်းအမှတ်(၃၆/၁၊ ဝက်ကုန်းမြောက်)၊ ဦးပိုင်အမှတ်(၁၆၇)၊ မြေဧရိယာ ၀ ဒသမ ၀၅၇ဧကရှိ မြေကွက်သည်မူလက ဦးသိန်း၊ ဒေါ်ပု အမည်ဖြင့် ၇-၆-၂၀၁၀ ရက်အထိ မြေငှားဂရန်သက်တမ်း ရရှိထားသော မြေကွက်ဖြစ်ပြီး၊ ဂရန်အမည်ပေါက်သူ ဦးသိန်း၊ ဒေါ်ပုတို့ထံမှ ဒေါ်နီနီမင်းက ၃၀-၁-၂၀၂၅ ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၀၅၁/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဒေါ်နီနီမင်း ၁/မကန(နိုင်)၀၉၈၄၆၁ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေး ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၁ခ၊ အုတ်ကျင်းရွာ)၊ ဦးပိုင်အမှတ်(၃၄၇)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်သည် မူလက ဒေါ်စံသာမြ အမည်ဖြင့် ၇-၁၁-၂၀၂၃ရက်အထိ မြေငှားဂရန် သက်တမ်း ရရှိထားသော မြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ ဒေါ်စံသာမြထံမှ ဒေါ်ဖြိုးပြည့်ပြည့်ထွန်းက ၂၀-၅-၂၀၂၅ ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် (၂၀၄/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဒေါ်ဖြိုးပြည့်ပြည့်ထွန်း ၁/မကန(နိုင်)၁၄၉၄၆၆ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာ စာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ထူပါရုံ၊ မြေကွက်အမှတ်-၉၀၂/ခ၊ ဧရိယာ (၂၀' x ၆၀')၊ မြေကွက်တည်နေရာအမှတ်(၉၀၂/ခ)၊ ထူပါရုံ (၁၂)လမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်အမာ ၁၂/သကတ(နိုင်) ၀၉၈၁၅၄ အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန်မြေအား ဒေါ်စန်းစန်းမြင့်မှ တရားလိုပြုလုပ်၍ ဒေါ်အမာအား တရားပြိုင်ထားကာ သာကေတမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ်-၁၅၃/၂၀၂၄ ဖြင့် ပဋိညာဉ်အတိုင်းအိမ်နှင့် မြေကွက်အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု အပေါ် အနိုင်ဒီကရီချမှတ်သည့် ၂၇-၅-၂၀၂၅ ရက်စွဲပါ စီရင်ချက်၊ တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်-၆၃/၂၀၂၅ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် ၁၈-၇-၂၀၂၅ ရက်စွဲပါ တရားရုံးနေ့စဉ်တာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျ အပြီးသတ်အမိန့်၊ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရာတွင် တရားရုံး ကိုယ်စား ဘီလစ် ဒေါ်မိုးပပမျိုး ၁၂/ဥကတ(နိုင်)၁၄၈၈၅၇၇မှ လက်မှတ်ရေးထိုး မည်ဖြစ်ကြောင်း ဌာနသို့အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ တရားရုံးဘီလစ် ဒေါ်မိုးပပမျိုးမှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ မြေကွက်အမှတ် (၂၅၂/ခ)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဦးစံမြင့် (ISN-၄၀၀၅၅၈) အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း အလျားx အနံပေ (၁၀x၆၀)နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးစံမြင့်ထံမှ ဦးလှိုင်ဝင်းက လည်းကောင်း၊ ဦးလှိုင်ဝင်းထံမှ ဒေါ်စန်းစန်းယု ၁၂/အစန(နိုင်)၀၆၀၈၄၁ မှ လည်းကောင်း၊ အဆက်စပ်စာချုပ်များအရ တစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဒေါ်စန်းစန်းယုက ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးပြည့်ဖြိုးဦး ၁၂/သဃက(နိုင်)၁၇၉၀၀၄ က ထိုကမ်းလှမ်းချက်ကို သဘောတူညီသဖြင့် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာ ပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

